# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈၃)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကၷ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၷ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်များပြုလုပ်



နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၉**

ဝါဆိုလပြည့်နေ့သည့် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဟူသော ထူးမြတ်သည့်ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ဟောဘိကျွဲဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်းစသည်ဖြင့် ထူးခြားဂုဏ်ဒြပ်ကိုးရပ်တို့နှင့် ပြည့်စုံသောနေ့ထူးနေ့မြတ်ဖြစ်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၄ ⊃**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်)

# ကောင်းကျိုးပွားများ မြတ်စိတ်ထားဖြင့်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ စိတ်နှလုံးကြည်နူးချမ်းမြေ့ဖွယ်အလွန်ကောင်းသည့်နေ့ထူးနေ့မြတ်ဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဝတ်ပြုသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ လူတိုင်း၏စိတ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားလေးပါးနှင့်ပြည့်စုံနေပြီး ဖြူစင်သောစိတ်နှလုံးနှင့်မွေ့လျော်နေကြသည်။ လူ့ဘဝကို တန်ဖိုးရှိစွာကုန်လွန်စေသည့်အချိန်ကောင်းများဖြစ်သည်။

မြတ်စွာဘုရားရှင်က ခဲငါးခဲ(ဒုလ္လဘငါးပါး)တရားကိုဟောတော်မူရာ၌ "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူ့ဘဝကိုရခဲဟု ဟောတော်မူထားသည်။ ဤသို့ရခဲလှသော လူ့ဘဝရတနာကိုရရှိခိုက် တန်ဖိုးနှင့်ထိုက်တန်အောင် နေထိုင်အသုံးချတတ်ကြရန်အရေးကြီးလှသည်။ လူ့ဘဝရတနာကိုတရားဓမ္မနှင့်အညီ မနေထိုင် မကျင့်သုံးတတ်ခြင်း၊ ပေါ့ပေါ့တန်တန်နေခြင်း စသောနည်းတို့ဖြင့် အချည်းအနှီးအချိန်ကုန်ဆုံးစေပါက "အပါယ်လေးလီမြစ်နဒီတွင် ပလုံစီမြုပ်သည့် လူယုတ်ကြီးတွေ" ဖြစ်ချိမ့်မည်ဟု စလေဦးပုညက ရေးဖွဲ့ခဲ့သည်။

လူသားတို့သည် လူ့လောကသို့ရောက်ရှိလာကြသည့်အချိန်တွင် မိမိသူတစ်ပါး နှစ်ဦးသားနှင့်လောကကောင်းကျိုးတိုးပွားအောင်ပြုနိုင်ကြရမည်ဖြစ်သလို တမလွန်တွင် သုဂတိဘုံများမှာ ကျင်လည်ခံစား၊ နိဗ္ဗာန်အထိသွားနိုင်အောင် နေထိုင်ကျင့်သုံးတတ်ကြရမည်ဖြစ်သည်။ ပစ္စုပ္ပန်ဘဝတွင်ကောင်းကျိုးများကိုပြုထားနိုင်မှ အနာဂတ်တွင်အေးချမ်းသာယာမည်ဖြစ်သည်။ လက်ရှိမိမိတို့၏ အဖိုးတန်ဘဝရတနာကို ထိုက်ထိုက်တန်တန်အသုံးချကာ မိမိကိုယ်ကိုကောင်းအောင်ပြုပြင်နေထိုင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့နေထိုင်သည့်နိုင်ငံကိုလည်း ကောင်းသောအကျိုးပြုကြရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ရမည်ဖြစ်သည်။ သတ္တဝါတို့၏ဘေးဒုက္ခကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတည်းဟူသော ရတနာသုံးပါးကို သရဏဟူ၍လည်း ခေါ်ဆိုခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်ကို ကိုးကွယ်ပူဇော်ရခြင်းမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သတ္တဝါတို့ကို ကြီးပွားချမ်းသာခြင်းနည်းလမ်း၌ ဖြစ်စေခြင်း၊ မကြီးပွားမချမ်းသာကြောင်း မကောင်းသောနည်းလမ်းမှ ဆုတ်နစ်စေခြင်းနှင့် အပြစ်ဒေါသအလုံးစုံကင်းစင်၍ ဂုဏ်ကျေးဇူးအလုံးစုံနှင့်ပြည့်စုံစေခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ရတနာမြတ်သုံးပါးကို ကြည်ညိုလေးစားကာ ကိုးကွယ်ဆည်းကပ်သောသူကို သရဏဂုံတည်သူဟုခေါ်ဆိုသည်။ ထိုသူသည် ကောင်းမြတ်သောဘဝသို့ ရောက်ရမည်ဖြစ်သည့်အပြင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံပေါများခြင်း စသောအကျိုးများကိုရရှိမည်။

ဤလောကတွင် စိတ်ထားဖြူစင် ဖြောင့်မတ်မှန်ကန်ရန်အရေးကြီးလှသည်။ စိတ်ထားဖြူစင်ဖြောင့်မတ်မှန်ကန်မှသာ ယုံကြည်မှုအားကောင်းသည်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊ ဘုရားတိုင်းသာ၊ ဟောမိန့်ရှာ၊ သုံးဖြာဤစကား" ဆိုသည့်အတိုင်း ကမ္ဘာပေါ်ရှိလူသားအားလုံးက ဤစိတ်ထားအတိုင်းပြုမူနေထိုင်ကြမည်ဆိုပါလျှင် ဆင်းရဲဒုက္ခဘေးအမျိုးမျိုးမှကင်းဝေးပြီး ကမ္ဘာကြီးသာယာလှပနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိပြည်သူများသည် ဝါဆိုလပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုလျက်ရှိကြသည်။ မြတ်ဗုဒ္ဓ၏ရုပ်တု၊ ရုပ်ပွားတော်၊ ဆင်းတုတော်များတွင် ထူးခြားသည့် ဝိသေသလက္ခဏာနှင့် အရည်အချင်းများရှိသည်။ မည်သည့်ရုပ်ပုံ၊ ရုပ်တုနှင့်မျှမတူသော ထူးခြားချက်များဖြစ်သည်။ ၎င်းထူးခြားချက်မှာ မြတ်စွာဘုရား၏ပုံတော်၌ ငြိမ်းအေးမှုပေါ်နေခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် ကိလေသာဆယ်ပါးလုံးဝကင်းစင်ပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကိုအာရုံပြုနေသူဖြစ်သဖြင့် အတွင်းစိတ်ငြိမ်းအေးနေသည်။

အထူးအားဖြင့် မြတ်ဗုဒ္ဓ၏သုံးဆယ့်နှစ်ပါးသော လက္ခဏာ၊ ရှစ်ဆယ်သောလက္ခဏာ စသည့်ပြင်ပရုပ်ပိုင်းဆိုင်ရာညီညွတ်မှုများအပြင် နှလုံးတော်မြတ်ရှိမြတ်စွာဘုရား၏ တရားဓမ္မအအေးဓာတ်ကြီး၊ ဓမ္မဓာတ်ကြီးကို မျက်နှာတော်ပေါ်တွင်ထင်ရှားစွာဖူးတွေ့ရသည်။ ဤသည်ကို အနယ်နယ်အရပ်ရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များတွင် ဖူးမြင်တွေ့ရှိနိုင်သည်။ မြတ်စွာဘုရားရှင်သည် လူသားတို့အား လောကီလောကုတ် နှစ်လီအတွက် ကောင်းကျိုးဖြစ်စေမည့် တရားတော်များကိုဟောကြားတော်မူသည်။ ဓမ္မစကြာတရားတော်တွင်လည်း ကျင့်ကြံနေထိုင်နည်းများကိုဟောကြားထားသည်။ လူတို့၏လောကကြီးသည် တစ်စတစ်စဖြင့်လူ့ကျင့်ဝတ်၊ လူ့စာရိတ္တများ မှေးမှိန်တိမ်ကောလာသောကြောင့် စိတ်ချမ်းသာမှုများလျော့နည်းလာသည်မှာ နိုင်ငံတကာမြင်ကွင်းများတွင် မြင်တွေ့နိုင်သည်။ သဘာဝဘေးအန္တရာယ်များလည်းထူပြောလာသည်ကိုတွေ့မြင်နေရသည်။ မကောင်းသောဘေးရန်အန္တရာယ်အပေါင်းမှကင်းဝေးစေရန် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် ရတနာမြတ်သုံးပါးကို ယုံကြည်သက်ဝင်စွာဆည်းကပ်ကိုးကွယ်နေထိုင်ကြရမည်ဖြစ်သည်။ ဝါတွင်းကာလသည် မြန်မာတို့အတွက် ကောင်းမှုပြုရန် အလေးအနက်ထားရမည့်အချိန်ကာလဖြစ်သည်။ ထို့ကြောင့် မကောင်းသောဘေးဒုက္ခအပေါင်းမှလွတ်ကင်းစေရန်အတွက် **ကောင်းကျိုးပွားများ မြတ်စိတ်ထားဖြင့်** နေထိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကြဲခင်းစနစ်လျှော့ချရေး မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား သွင်းအားစုပေးအပ်ပွဲကျင်းပ

ကျိုက်မရော ဇူလိုင် ၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာ တောင်သူဦးငွေရလယ်မြေ၌ ကြဲခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် RS-CS မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ဇူလိုင်လ ၈ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ကျိုက်မရောမြို့နယ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက တစ်ဧကအထွက်နှုန်းများတိုးတက်ရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းလေးသွယ်ကို အခြေခံဆောင်ရွက်စေရေး၊ ယခုနှစ်သည် ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးခြင်းပပျောက်စေရန် မိုးစပါးစိုက်ပျိုးရာသီတွင် ကြဲခင်းများလျော့နည်းစေရေးအတွက် လက်ဆွဲကောက်စိုက်စက်၊ ကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာ(Drum Seeder)များနှင့် ပျိုးထောင်စိုက်ပျိုးခြင်းများဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းများရရှိစေရေး၊ သီးထပ်စွမ်းအား၊ သီးနှံစိုက်စွမ်းအားတိုးတက်စေရေးအတွက် တောင်သူဦးကြီးများက တက်ညီလက်ညီ ဝိုင်းဝန်းပံ့ပိုးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက RS-CS မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား သွင်းအားစုများပေးအပ်ပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေးအားနည်းလမ်းပေါင်းစုံဆောင်ရွက်နိုင်ရန် ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဆိုလာရေတင်စနစ်များ ဆောင်ရွက်ပေးစေလိုကြောင်း၊ တိမ်ကောနေသော ချောင်းမြောင်းများအား ပြန်လည်တူးဖော်ပေးစေလိုကြောင်းနှင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့်သွင်းအားစုများအား သက်သာသောနှုန်းထားဖြင့် ဝယ်ယူရရှိလိုကြောင်း တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Seeder စနစ်ဖြင့် တိုက်ရိုက်မျိုးစေ့ချဆောင်ရွက်နေမှုနှင့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများအား သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ အချိန်ကိုက် အချိုးကျကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၀၆)

# ပထမအကြိမ် ဂရန်အင်းများနှင့်တင်ဒါချက်များ လေလံတင်ရောင်းချခြင်းအခမ်းအနားကျင်းပ

ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ၂၀၂၅-၂၀၂၆ ခုနှစ် လုပ်ငန်းရာသီအတွက် ပထမအကြိမ် ဂရန်အင်းများနှင့်တင်ဒါချက်များ လေလံတင်ရောင်းချခြင်းအခမ်းအနားကို ဇူလိုင်လ ၈ ရက်မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကဝမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းလင်းက ဂရန်အင်းများ၊ တင်ဒါချက်များ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှအောင်သိန်းက ဂရန်အင်းများနှင့်တင်ဒါချက်များ လေလံတင်ရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဝမြို့နယ်အတွင်းရှိ ဂရန်အင်း ၁၁ အင်းနှင့် တင်ဒါချက် ၃၃ ချက်အား ပထမအကြိမ် လေလံတင်ရောင်းချရာ ဈေးပြိုင်စနစ်ဖြင့် ဂရန်အင်းသုံးအင်းနှင့် တင်ဒါချက် ၁၅ ချက် ရောင်းချနိုင်ခဲ့ပြီး ကျန်ရှိနေသော အင်းများနှင့် တင်ဒါချက်များကို ဇူလိုင်လ ၂၃ ရက်တွင် ကဝမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၇-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။


ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူး၍ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဇူလိုင်လ ၉ ရက်တွင် စေတီတော်ရှိသတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်ရှိ ညှော့ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များစုပေါင်း၍ စေတီတော်အား သစ်သီးဆွမ်းတော်ကြီးကပ်လှူပူဇော်ကြသည်။



ထို့နောက် နံနက် ၆ နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ စိန်ရောင်ခြည်ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်အားပင့်လျှောက်ခြင်း၊ နတ်ဖြဟ္မာများအားဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်းဂါထာရွတ်ဆိုပူဇော်ခြင်းနှင့် ဆုတောင်းအမျှဝေခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းမှစ၍ လှည့်လည်ပူဇော်ပွဲပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ စေတီတော်ဝန်ထမ်းများနှင့် ဝတ်အသင်းအဖွဲ့များတက်ရောက်ကြပြီး စေတီတော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါဆိုလပြည့်သီလခံယူပွဲနှင့်ရေစက်ချမင်္ဂလာအခမ်းအနားကိုကျင်းပရာ ပရိသတ်အပေါင်းက ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင်ဦးဘိုးသင်းက အဖွင့်မင်္ဂလာစကားလျှောက်ထားကာ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချအနုမောဒနာတရားနာကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# အလုံမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၈ ရက်က စောရန်ပိုင်တောင်ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ဟားခါးပညာရေးဒီဂရီကောလိပ် သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းမေဖြူစင်ဝင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာဥပဒေကိုရှင်းလင်းခြင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးရဲထွန်းမြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က လူသားတိုင်း မိမိတို့၏ဘဝတွင် လူကုန်ကူးမခံရစေရန် မိမိကိုယ်ကိုကာကွယ်တတ်စေရေး အသိပညာပေးဆွေးနွေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ဦးစီးမှူး ဒေါ်မေသန်းမြင့်ထွေးက တိုင်းရင်းဆေးပညာအကြောင်း အသိပညာများဆွေးနွေးခြင်း၊ ဟားခါးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်ချောစုစုမောင်က ကျေးဇူးတင်စကားပြောကြားခြင်း၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး၊ မြို့နယ်ဥပဒေရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့မှ တာဝန်ရှိသူများ၊ ဟားခါးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့်နံရံကပ်စာစောင်၊ စာအုပ်များနှင့် ဟားခါးပညာရေးဒီဂရီကောလိပ်မှပြသထားသည့် နံရံကပ်ပိုစတာ၊ ပန်းချီများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ယောရော(မြို့နယ်ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် လက်ပံချည်ပေါ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ကျေးရွာပြည်သူများထံ လွှဲပြောင်းအပ်နှံ

ပွင့်ဖြူ ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် လက်ပံချည်ပေါ်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာပြည်သူများထံ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းကို ဇူလိုင်လ ၈ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်က ကျေးရွာနေပြည်သူများ လူနေမှုဘဝ မြင့်မားစေရန်၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ယခုဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်းကွန်ကရစ်လမ်းကို ကျေးရွာပြည်သူများထံ လွှဲပြောင်းအပ်နှံမည်ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လက်ပံချည်ပေါ်ကျေးရွာ၌ ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မှတ်တမ်းဖိုင်များကို ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

လက်ပံချည်ပေါ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅ သန်း စုစုပေါင်း ငွေကျပ် သန်း ၂၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### မရောင်းရချင် နေစေ

ကျွန်ုပ်သည် မင်းကြီး၏ တောလိုက်စာရေးလုပ်ခဲ့စဉ်က မြန်မာပြည်အတွင်း အတော်နှံ့အောင် ရောက်ခဲ့သော်လည်း တနင်္သာရီကျန်နေသဖြင့် မော်လမြိုင်သို့ ရောက်ရမည့်အတွက် မျှော်လင့်ချက်တစ်ခုနှင့် လာခဲ့ခြင်းဖြစ်လေသည်။ မုတ္တမဘက်မှ မော်လမြိုင်ဘက်သို့ သမ္ဗန်နှင့်ကူးပြီးနောက် ကျွန်ုပ်တို့သည် တရုတ်ဟိုတယ်တစ်ခု၌ တည်းခိုကြ၍ ဘဇံသည် သူတွေ့သော ပစ္စည်းများအနက်မှ ရောင်း၍စွံမည့် ပစ္စည်းမျိုးကို ရွေးချယ်ဝယ်ယူရာ အထုပ်လေးထုပ်ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်၏ညီဘဇံကား တော်သောဈေးသည်တစ်ယောက်ဖြစ်၏။ ဘာပစ္စည်းမဆို သူတွေ့လျှင် ရောင်း၊ မရောင်း၊ အဖိုး မည်ရွေ့မည်မျှ ဆိုသည်ကို မေးမြန်းစုံစမ်းလိုက်သည်ချည်းဖြစ်၏။ ထို့ကြောင့်လည်း သူ့မှာ ဂျပန်ခေတ်အတွင်းက အတော်လေးစီးပွားဖြစ်ခဲ့ရာ လောင်းကစားဝါသနာကြောင့် ပစ္စည်းအဖတ်မတင်ဘဲဖြစ်ခဲ့ရလေသည်။ ကျွန်ုပ်တို့သည် မော်လမြိုင်သို့ ရောက်ကြဖူးသူများ မဟုတ်သည့်အလျောက် အတော်နှံ့အောင်လည်ပတ်ခဲ့ကြရာ ကျွန်ုပ်အဖို့ရာ၌ စိတ်ဝင်စားဆုံးသော အခြင်းအရာတစ်ခုမှာ ကမ်းနားလမ်း၌ပြုလုပ်ထားသည့် စကြံရှည်ကြီးပေတည်း။ ကျွန်ုပ်မှာ ဤအရာမျိုးရှိသော မြို့သို့ မရောက်ဖူးသည်နှင့် ညနေခင်းတွင် စကြံကို ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်၍ မဝနိုင်အောင် ရှိပါတော့သည်။ ဘဇံအဖို့ကား ပစ္စည်းများရပါ၏။ ကျွန်ုပ်အဖို့မူကား ဆေးများဝယ်မည့်သူတစ်ယောက်မျှ မတွေ့ရပါ။ သို့ရာတွင် ကျွန်ုပ်သည် မူလကတည်းက မျှော်လင့်ကြီးမျှော်လင့်လာခဲ့သူမဟုတ်သောကြောင့် မရောင်းရခြင်းအတွက် စိတ်မပျက်လှပါ။ မရောက်ဘဲကျန်နေသည့် မြို့တစ်မြို့သို့ ရောက်ရသည်ဆိုရုံနှင့်ပင် ကျေနပ်နိုင်သူဖြစ်ပါသည်။ ဘဇံကမူ ကျွန်ုပ်အကြောင်းကို ကောင်းကောင်းမသိသဖြင့် ကျွန်ုပ်ကို သနားပုံရသည်။ အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်သည် ဒုတိယတစ်ခေါက်၌ ဖုံးတွေကျ၍ ခြောက်ကပ်သော ရန်ကုန်ကို တွေ့လိုက်ရကတည်းက ပထမတစ်ခေါက်ကကဲ့သို့ အမြတ်ကြီးမြတ်ဖို့ မျှော်လင့်ချက်ကို တစ်ခါတည်းစွန့်လွှတ်လိုက်ပြီးဖြစ်ရာ တတိယတစ်ခေါက်လာခဲ့ခြင်းမှာ ကျွန်ုပ်အမြတ်ရဖို့ထက် ဆွေမျိုးများနှင့် မိတ်ဆွေများ စိတ်ကျေနပ်မှုအတွက်မျှလောက်သာ သဘောထားလျက်ရှိတော့သည်။ တစ်ကြောင်းမှာလည်း မန်ကျည်းတုံ၌ စားရသောက်ရခြင်းထက် ဟိုတယ်တွေလျှောက်ပြီး တည်းခိုစားသောက်ရခြင်းသည် ကျေနပ်စရာကောင်းသည်ဟု သဘောထားတတ်သူဖြစ်ပါသည်။



### မကြုံဖူးသော အခြေအနေ

မော်လမြိုင်ကဟိုတယ်မှာ သထုံကဆိုင်ကဲ့သို့ ဈေးနှုန်းမချောင်လှစေကာမူ မန္တလေးထက်စာလျှင် အလွန်သက်သာပါသေးသည်။ အမှန်မှာ သထုံနှင့် မန္တလေးတို့၏ အလယ်ကြားတွင် ရှိသည်ဟု ဆိုရပေမည်။ ကျွန်ုပ်မှာ ကောင်းကောင်းမြိန်မြိန်စားရသောက်ရခြင်းသည်သာ အမြတ်ဟု သဘောထားကာ အကောင်းဆုံးသောစားစရာများကို ဝဝကြီးမှာယူစားသောက်ကြပြီးနောက် စကားတပြောပြောနှင့် ဆယ်နာရီခန့်တိုင်အောင် ထိုင်နေကြပြီးမှ အိပ်ရာသို့ဝင်ကြ၏။ ဟိုတယ်ဟုခေါ်ရသော်လည်း အိပ်ရာနေရာများမှာ သန့်သန့်ရှင်းရှင်းကြီး မဟုတ်လှ။ သင့်တင့်ရုံမျှသာရှိပါသည်။ သို့ရာတွင် ထိုအချိန်ကမူ တရုတ်ပြည်၌ ခမ်းနားသော ဟိုတယ်ကြီးများသို့ လှည့်လည်တည်းခိုရဖူးသေးသည် မဟုတ်သောကြောင့် စိတ်ကြည်နူးခြင်းမှတစ်ပါး ဘာမျှမရှိချေ။ မည်သည့်နည်းမဆို မန်ကျည်းတုံရှိ ဖခင်၏ အိမ်ခန်းလေးနှင့်နှိုင်းလျှင် အပြောင်းအလဲသဘောနှင့် ကျေနပ်နိုင်သူဖြစ်ပါသည်။ အိပ်ရာသို့ဝင်ကြ၍ ဘာမျှမကြာသေးမီ လေကြောင်းအချက်ပေး ဥဩဆွဲလေရာ ကျွန်ုပ်မှတစ်ပါး ဘဇံတို့နှင့် အိမ်သားများသည် အလူးအလဲထ၍ ပြူးတူးပြဲတဲဖြစ်ကုန်ကြလေပြီ။ ဤဟိုတယ်၌ ယင်းညတွင် ကျွန်ုပ်တို့သုံးယောက်မှတစ်ပါး တခြားဧည့်သည် မရှိချေ။

ကျွန်ုပ်သည် အိပ်ရာမှထ၍ အောက်ထပ်သို့ ဆင်းလာသောအခါ ဘဇံတို့ ညီအစ်ကိုလည်းမတွေ့။ ဆိုင်ရှင်များလည်းမတွေ့သည်နှင့် နောက်ဖေးဘက်သို့ ထွက်လာခဲ့၏။ ထိုအခါ တရုတ်မတစ်ယောက်သည် ကလေးတစ်ယောက်ကိုလက်ဆွဲကာ ကလေးတစ်ယောက်ကိုချီလျက် မှုန်မှုန်မွှားမွှားရှိသော မီးရောင်တွင် ကျွန်ုပ်ဘက်သို့ ပြေးလာ၍ ကျွန်ုပ်ကို ဝင်တိုက်မိလေ၏။ ဤတွင်မှ ''လာ လာ ဆရာကြီး၊ ဒီမှာဖုံးကျင်းရှိတယ်'' ဟုပြောကာ ကျွန်ုပ်ကို ခေါ်သွား၏။ ကျွန်ုပ်တို့သည် ထင်းပုံများအကြားမှ လျှောက်သွားကြ၍ ကမ်းပါးထိပ်သို့ရောက်သောအခါ ဖုံးကျင်းတစ်ခုတွေ့၍ တရုတ်မက ရှေ့မှဆင်းသွားသဖြင့် ကျွန်ုပ်လက်တွဲခေါ်လာခဲ့သည့် ကလေးအကြီးကို ကျင်းထဲသို့ ထည့်ပေးလိုက်၏။ ကျွန်ုပ်သည် ထုံးစံအတိုင်း ကျင်းဝတွင် ထိုင်လျက် ကောင်းကင်သို့ ကြည့်နေ၏။ လေယာဉ်ပျံများကား ကောင်းကင်သို့ ရောက်နေကြ၍ တဝီဝီနှင့် လှည့်လည်ပျံသန်းလျက် ရှိကြလေပြီ။ တစ်ခဏကြာလတ်သော် 'ဝုန်း အုန်း အုန်း အုန်း' မည်သော အသံကြီးနှင့် ဖုံးတစ်လုံး ကျလာရာ ဖုံးသည် ကမ်းနားတစ်လျှောက်သို့ ချခြင်းဖြစ်၍ ကျွန်ုပ်တို့နှင့် မဝေးခြင်းကို မြင်ရ၏။ နောက်တစ်ခဏ၌ တရုတ်မသည် ကြောက်ရှာသည့် လက္ခဏာနှင့် သူ၏ကလေးနှစ်ယောက်ကို ကျွန်ုပ်၏ ရင်ခွင်ထဲသို့ တွန်းထိုးထည့်သွင်းပြီး ကျွန်ုပ်အား ဖုံးကျင်းထဲသို့ဆွဲခေါ်၏။ ဖြစ်ရပုံမှာ ဖုံးကျင်းထဲ၌ တစ်ယောက်တည်းလည်း မနေဝံ့၊ ကျွန်ုပ်နှင့်အတူ ဖုံးကျင်းပေါ်၌လည်း မနေဝံ့ ဖြစ်နေရှာ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ကလေးအငယ်ကို သူ့လက်သို့ ပေးပြီး ကလေးအကြီးကို လက်ဆွဲလျက် တရုတ်မနှင့်အတူ ဖုံးကျင်းထဲသို့ ဆင်းရတော့သည်။ ဖုံးများသည် ၁၀ စက္ကန့်လောက်တွင် တစ်လုံး၊ ၁၅ စက္ကန့်လောက်တွင် တစ်လုံး ဆက်ကာဆက်ကာကျလေရာ တရုတ်မသည် ဖုံးသံတစ်ချက်ကြားတိုင်း ကလေးရောသူပါ ကျွန်ုပ်၏ရင်ခွင်ထဲသို့ ပစ်လှဲ၍ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားခြင်းကို ကျွန်ုပ်သိရသည်။ ကျွန်ုပ်ကား မည်သို့မျှမရှိခြင်းမှန်ပါသည်။ သို့ရာတွင် သူ့ယောကျ်ားမြင်လျှင် မည်သို့များရှိချေမည်နည်းဟူသော စိတ်ကူးကား ဖြစ်ပေါ်လာမိပါသည်။

### ကျေးဇူးတင်ခံရပုံ

နာရီဝက်ခန့်ကြာသောအခါ လေယာဉ်ပျံများ ပြန်သွား၍ ကျွန်ုပ်တို့သည် ဟိုတယ်ထဲသို့ ပြန်ဝင်ပြီး မီးများဖွင့်လိုက်သည်တွင်မှ ဘဇံညီအစ်ကိုနှင့် ဟိုတယ်အလုပ်သမားတရုတ်များ ဝင်လာကြသည်။ ဖြစ်ပုံမှာ ကျွန်ုပ်တို့အိပ်ရာသို့ ဝင်ကြသောအချိန်တွင် ဟိုတယ်ပိုင်ရှင်သည် မာဂျောင်း(ဖဲဝိုင်း)သို့သွား၍ အလုပ်သမားများလည်း ခဏတစ်ဖြုတ် ထွက်၍ လည်ကြရာ ဘဇံညီအစ်ကိုမူကား ကမ်းနားသို့ ဆင်းပြေးကြသည်ဆို၏။ စင်စစ်မှာ ဘဇံသည် ကမ်းနားသို့ သူ့ညီချစ်ဆွေကြောင့် လိုက်ရခြင်းဖြစ်ရာ ချစ်ဆွေသည် လေယာဉ်ပျံလာတိုင်း (ပျော်ဘွယ်ဘူတာမှာကဲ့သို့) ရေထဲတွင် ငုပ်လျှိုးနေရမှ လုံခြုံသည်ဟု ထင်တတ်သော ဝါသနာအတိုင်း ရေအောက်တွင် ငုပ်လာခဲ့သည်နှင့် သူ၏အဝတ်များ ရွှဲရွှဲစိုလျက် ရှိလေသည်။ ချစ်ဆွေ၏လုပ်ပုံကြောင့် ကျွန်ုပ်မှာ ဒုတိယအကြိမ် ရယ်ခဲ့ရပြန်ပါသေးသည်။ ထိုအတောအတွင်း တရုတ်မသည် ကျွန်ုပ်အား မေးငေါ့ကာငေါ့ကာဖြင့် သူ့ယောကျ်ားအား တရုတ်လိုပြောလျက်ရှိရာ မာဂျောင်းဝိုင်းမှ ပြေးလာခဲ့သည့် သူ့ယောကျ်ားက ကျွန်ုပ်ကို ကြည့်ပုံမှာလည်း ကျေးဇူးတင်သည့် အမူအရာပင်ဖြစ်သည်။ တရုတ်မသည် ကျွန်ုပ်၏ စောင့်ရှောက်ကူညီခြင်းအကြောင်းကို ပြောပြဟန်ရှိသော်လည်း ကျွန်ုပ်၏ရင်ခွင်ထဲသို့ လှဲ၍ အိပ်ခြင်းအကြောင်းကိုမူ ပြောပြပုံမရချေ။ အဘယ်ကြောင့်ဆိုသော် ဆိုင်ရှင်ပေါက်ဖော်သည် တရုတ်မ၏ စကားအဆုံး၌ ကျွန်ုပ်ထံသို့ ထလာ၍ ကျေးဇူးတင်ကြောင်း ပြောပြီးလျှင် ကျွန်ုပ်တို့ သုံးယောက်အား ချက်အရက်တစ်ပုလင်းနှင့် အသားကင်များဖြင့် ဧည့်ခံကျွေးမွေးပေးသောကြောင့်တည်း။

**ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်လတ်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ




ကျိုက်လတ် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၈ ရက်က ပန်းဘဲစုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း-ခွဲ (ပန်းဘဲစု)၌ ကျင်းပသည်။

အခမ်းအနားတွင်အခြေခံပညာအထက်တန်းကျောင်း-ခွဲ (ပန်းဘဲစု) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခိုင်ခိုင်မိုး က အဖွင့်အမှာစကားပြောကြားပြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်နိုးသူတို့က ဆောင်ရွက်ကြပြီး Grade-11 မှ မောင်အောင်မြင့်မြတ်က လူငယ်နှင့်အားကစား၊ မယွန်းဝတီက လူငယ်နှင့် စည်းကမ်း၊ မောင်ဆန်းလင်းထိုက်က လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်၊ မအိနန္ဒာက လူငယ်နှင့်စာပေ ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ လူငယ်စကားဝိုင်းတွင်ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှသတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်







အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း






# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ် ၆၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်

ကျောင်းကုန်း ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ် ၆၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီထွန်း၏ပြောကြားချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလတစ်လတာကာလအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ် ၆၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဗိုလ်ကိတ်ပဲများကို ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇွန်လတစ်လတာကာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ် ၆၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလည်း ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပြန်လည်ဝယ်လိုအားကောင်းလာပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ကျောင်းကုန်းမြို့နယ်ဘက်က ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေက ရန်ကုန်မြို့ကိုပဲ အများစုတင်ပို့ရောင်းချတာဖြစ်တယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့အားကောင်းလာတော့ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေအပြင် လုပ်သားတွေပါ အဆင်ပြေနေတယ်" ဟု ဒေါ်ရီရီထွန်းက ပြောသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ အထိ ဈေးရရှိနေကြောင်း၊ အဆိုပါဗိုလ်ကိတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# တိုက်ကြီးမြို့နယ်၌ ဒေသထွက်နာနတ်သီးများ ဈေးရရှိသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ



ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဥယျာဉ်ခြံများနှင့် စိုက်ပျိုးရေးခြံများ၌ ပိန္နဲ၊ ကျွဲကော၊ မာလကာ၊ နာနတ် စသည့်ရာသီစာသီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းနှင့် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ရာသီပေါ်နာနတ်သီးများ ဈေးရရှိသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒေသမျိုးဖြစ်သည့် နာနတ်သီးကို မိုးရာသီအကုန်တွင် သားတက်ကို စတင်စိုက်ပျိုးရာ စိုက်ပျိုးပြီးတစ်နှစ်အတွင်း အသီးဆွတ်ခူး၍ရကြောင်း၊ မစိုက်ပျိုးမီ မြေကို သဘာဝမြေဩဇာထည့်၍ ပြင်ဆင်ထားရကြောင်း၊ တစ်ပင်နှင့်တစ်ပင် နှစ်ပေအကွာထားရှိပြီး စိုက်ပျိုးခြင်းဖြင့် လေဝင်လေထွက်ကောင်းမွန်ပြီး အပင်ရှင်သန်မှုအားကောင်းလာကြောင်း၊ သားတက်စိုက်ပျိုးပြီး တစ်လအကြာတွင် သဘာဝမြေဩဇာဖြစ်သည့် နွားချေးနှင့် ကြက်ချေးတို့ကိုရောစပ်ကျွေးရပြီး အခါအားလျော်စွာ ရေလောင်းပေါင်းသင်ပေးရကြောင်း၊ အဖူးဖူးသည့်အချိန်တွင် သဘာဝမြေဩဇာနှင့် ပုလဲခတ်မြေဩဇာ ရောကျွေးရကာ အသီးဆွတ်ခူးရန် တစ်လအလိုတွင် အသီးအရသာကောင်းမွန်စေရေး ပိုတက်ခတ်မြေဩဇာကျွေးရကြောင်း၊ အပင်စိုက်ပျိုးသည်မှ အသီးသီးသည့်အချိန်အထိ စနစ်တကျပြုစုပါက ပုံမှန်ထက် အသီးအရွယ်အစားကြီးထွားနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးခြံများမှ ထွက်ရှိသည့်နာနတ်သီးများသည် ချိုချဉ်အရသာရှိပြီး အရည်ရွှမ်းသဖြင့် ဒေသတွင်းဈေးကွက်တွင်သာမက ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ တင်ပို့ရောင်းချရကြောင်း၊ ယခုနှစ် နာနတ်သီးပေါ်ချိန်တွင် အလုံးအကြီး၊ အသေးပေါ်မူတည်၍ ဈေးရရှိပြီး နာနတ်သီးကို တစ်နှစ်ပတ်လုံးဆွတ်ခူးရကာ အသီးရှားပါးချိန်တွင် ဈေးပိုမိုရရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရွှေတောင် ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဘယ်လက်)၌ ဇူလိုင်လ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (ဘယ်လက်) တာဝန်ခံဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများအား အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိချိုက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့် အကြမ်းဖက်မှုများအကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က ဆိုးဆေးများအကြောင်း၊ ကုန်အညွှန်းအမှတ်အသားများအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များပြသခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


လက်ပံတန်း ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂုံညင်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင်လ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဂုံညင်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးဧက ၁၀၉ ဧက၌ မိုးနှမ်းနှင့် တခြားဆီထွက်သီးနှံများ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဂုံညင်းတန်းကျေးရွာရှိ မိုးနှမ်းအပါအဝင် တခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရေး အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၀၉ သိန်းကို မိုးနှမ်းစိုက်တောင်သူ ၃၈ ဦးအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**



# မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် (၄၈) ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကျင်းပ



**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် (၄၈) ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့်ဒြေ့ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ပဥ္စဝဂ္ဂီငါးပါးတို့အား အဖွဲ့ချုပ်အမှုဆောင်များနှင့်အလှူရှင်များက ရွှေကြာသက်န်းနှင့်ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် မာဂဓီသာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တနေမိန္ဒ (သဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော ပင့်သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပူဇော်ကြပြီး တက်ရောက်လာကြသည့်အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းထွန်းက (၄၈)ကြိမ်မြောက် ဓမ္မစကြာပူဇော်ပွဲနှင့်ပတ်သက်၍ လျှောက်ထားပြီး မာဂဓီသာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တနေမိန္ဒ (သဒ္ဓမ္မဇောတိကဓဇ)ထံမှ အလှူရှင်နှင့်ဒြေ့ပရိသတ်များက အနုမောဒနာတရားနာယူ၍ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အဖွဲ့ချုပ်ပင်တိုင်ဝတ်ရွတ်အဖွဲ့မှ ဓမ္မစကြာတရားတော်မြတ်အား ရွတ်ပွားသရဇ္ဈာယ်ပူဇော်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# လှည်းကူးမြို့နယ်၌ သဘာဝဘေးအန္တရာယ် (ငလျင်) ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသ



**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်(ငလျင်)နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ယမန်နေ့က မြို့နယ်ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးယုလွင်က မီးသတ်သမားတစ်ဦး၏ စွမ်းဆောင်ရည် (Brave Heart)စွမ်းရည်ပြသခြင်း၊ ငလျင်လှုပ်၍ အဆောက်အအုံပြိုကျပျက်စီးပြီး ပိမိနေသောလူနာအား ကယ်ထုတ်ခြင်း၊ အဆောက်အအုံအတွင်းရှိ ဒုက္ခသည်များအား ကယ်ဆယ်ခြင်း၊ အကြောက်လွန်နေသူအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ထုတ်ခြင်း၊ သတိမေ့နေသူအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ထုတ်ခြင်းနှင့် EMS အဖွဲ့၏ အရေးပေါ် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုကို အသိပညာပေးဟောပြောပြီးနောက် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်၊ မြို့နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာသောင်းဒန်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးယုလွင်နှင့်အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**အေးအေးနွဲ့(လှည်းကူး)**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ–ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ–ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှဖိုးစိန်လမ်းဆုံအထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သော လမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# မိုးစပါး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထည့်သွင်းခြင်းဆောင်ရွက်


**စလင်း ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ ကွင်းအမှတ် (၅၆၉) ဦးပိုင်အမှတ် (၃၄) တောင်သူ ဦးသန်းဌေးအောင်၏ လယ်မြေ ၅ ဧက၌ မိုးစပါး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းခြင်းကို ယနေ့တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးအထွက်နှုန်းတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ထည့်သွင်းရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် သီးနှံစိုက်စွမ်းအား မြှင့်တင်ရေး ဆွေးနွေးပြောကြားသည်။

စလင်းမြို့နယ်၌ ယခုနှစ်တွင် မိုးသီးနှံစိုက်ပျိုးဧရိယာ ၂၀၃၅၈ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ သီးထပ်စိုက်ဧရိယာများ စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် စိုက်ပျိုးမြေများတွင် နှစ်စဉ်ရာသီအလိုက် သီးထပ်၊ သီးညှပ်သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စိုက်ပျိုးမြေသယံဇာတဖွံ့ဖြိုးတိုးတက်စေရေး အခြေခံသစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးခြင်း၊ သီးနှံရိုးပြတ်စိုက်ခင်းများတွင် အကျိုးပြု EM ပက်ဖျန်း၍ ထယ်ထိုးထွန်မွှေပြုလုပ်ခြင်းနှင့် မြေခံမြေဩဇာများ ထိရောက်စွာအသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများက တောင်သူများနှင့်အတူ စိုက်ပျိုးပညာပေးရေးလုပ်ငန်းအသွင်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံအကျိုးဆောင်တောင်သူများပူးပေါင်း၍ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းလုပ်ငန်း ၁၅၈ ဧက၊ အကျိုးပြု EM ထည့်သွင်းခြင်း ဧက ၁၅၀ နှင့် လာမည့်နှစ်အတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့ထုတ် ၁၀ ဧက စိုက်ပျိုးထားကြောင်း သိရသည်။



**မောင်လွင်(စလင်း)**

# ဆေးဖက်အသုံးဝင် ပင်စိမ်းပင်



ဟင်းခတ်အမွှေးအကြိုင် အမျိုးမျိုးရှိကြရာတွင် ရုက္ခဗေဒအမည် Ocimum Sanctum ဟုခေါ်သော ပင်စိမ်းပင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်ရှိ အရှေ့တိုင်း၊ အနောက်တိုင်းအစားအစာဟင်းလျာများတွင် ပင်စိမ်းပင်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုနေကြသည်။ ပြည်တွင်းမှ စားသောက်ဖွယ်ရာများဖြစ်သည့် ပင်လယ်စာ၊ ပုစွန်၊ ငါးနှင့်အသားဟင်းလျာတို့တွင် ဟင်းညှီနံ့ပျောက်ရုံသာမက အနံ့၊ အရသာ ပိုမိုပေါ်လွင်လာစေရန် ပင်စိမ်းကိုမဖြစ်မနေအသုံးပြုကြသည်။ သခွားသီးသုပ်၊ ပုစွန်ချဉ်၊ ငါးဖယ်ချဉ်၊ ငါးလေးချဉ်သုပ်၊ တာလပေါ်ဟင်းရည်နှင့် ပိန်းဥဟင်းလျာတို့တွင်လည်း ပင်စိမ်းရွက်မပါလျှင် မပြည့်စုံနိုင်ပေ။ ထို့ပြင် ကြက်ဥ၊ ဘဲဥမွှေကြော်တွင် ပင်စိမ်းရွက်ကို အပေါ်မှဖြူး၍လည်းကောင်း၊ ငါးကင်သောအခါတွင် ပင်စိမ်းရွက်ကိုနုပ်နုပ်စဉ်း၍ ငါးဝမ်းဗိုက်ထဲတွင် အစာသွတ်၍လည်းကောင်း၊ ပင်စိမ်းရွက်ကို ထောင်း၍ထွက်လာသော အရည် (သတ္တုရည်)ကို ကြက်၊ ဝက်၊ ဆိတ်၊ အမဲတို့တွင် စိမ့်ဝင်အောင် နယ်နှပ်ထားပြီး အသားကင်၍လည်းကောင်း စသည်ဖြင့် အသုံးပြုလေ့ရှိကြသည်။

**ပင်စိမ်းပင်ပုံစံနှင့်ဆေးဖက်ဝင်ပုံ**

ပင်စိမ်းပင်သည် အမြင့် ၂ ပေ မှ ၃ ပေ အထိရှိသော အပင်ငယ်မျိုးဖြစ်ပြီး ပင်စည်ဖြောင့်မတ်ကာ လေးထောင့်ပုံရှိသည်။ အခက်အလက်များနူးညံ့၍ အမွှေးများရှိပြီး အနံ့မွှေးသည်။ ပင်စည်နှင့်အကိုင်းအခက်အစိမ်းရောင်ဖြစ်သော်လည်း တစ်ခါတစ်ရံ သပြေရောင်သန်းသည်။ ရွက်ဆိုင်အလှည့်ကျထွက်ပြီး ရွက်ထိပ်ချွန်ကာ ရွက်ရင်းသွယ်သည်။ အလျား ၁-၃ လက်မအထိရှည်ပြီး ရွက်နားလွှသွားပုံရှိကာ ရွက်ညှာ တစ်လက်မအထိရှည်သည်။ တပေါင်းလနှင့် တန်ခူးလတွင်ပွင့်သည့် ပင်စိမ်းပွင့်သည် သေးငယ်ပြီး အဖြူရောင်ရှိကာ အလွန်မွှေးပြီး အခိုင်လိုက်ပွင့်သည်။ ပင်စိမ်းပွင့်ချပ်ပေါ်တွင် အမွှေးလေးများရှိသည်။ အရောင်မည်းပြီး အနံ့မရှိ၊ အရသာပူစပ်သော ပင်စိမ်းအစေ့သည် လုံးဝိုင်းပြီး တစ်ဖက်တွင် အနည်းငယ်မောက်၍ တစ်ဖက်တွင်ပြားသည်။ ပင်စိမ်းပင်၏ အသုံးပြုနိုင်သည့် အစိတ်အပိုင်းများမှာ အရွက်နှင့်အစေ့ဖြစ်သည်။ ပင်စိမ်းပန်းစတင်ပွင့်ချိန်လောက်တွင် ရိတ်သိမ်းဖြတ်ယူပြီး အငုတ်မှထွက်လာသော အတက်များသည် နောက်တစ်ကြိမ်ပွင့်လာပါက ထပ်မံဖြတ်ယူနိုင်သည်။ တစ်ရာသီလျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ရယူနိုင်သည်။ အညွန့်နှင့်အရွက်များကို အရိပ်ထဲ၌ အခြောက်လှန်းရသည်။ ပင်စိမ်းရွက်ကို ကြိတ်ညှစ်၍ရသော အရည်သည် ချောင်းဆိုးရောဂါ၊ အရေပြားရောဂါ၊ မစားချင်မသောက်ချင်ဖြစ်ခြင်းနှင့် အစာအိမ်ရောဂါကြောင့် ဗိုက်နာသောဝေဒနာတို့ကို ပျောက်ကင်းစေသည်။ မြန်မာဆေးကျမ်းများအဆိုအရ ပင်စိမ်းပင်သည် ပူစပ်ပြီး အနည်းငယ်ခါးသည်။ လေသလိပ်ကိုနိုင်ပြီး ဆီးကိုနိုင်သည်။ လေကိုသက်စေပြီး သွေးကိုတက်စေနိုင်သည်။ ရင်ကျပ်နာ၊ အစာမကြေ၊ ချွဲကျပ်နာတို့ကိုနိုင်သည်။ ချောင်းဆိုးနာ၊ ပိုးနာ၊ ထိုးကျင်သောအနာများကို ယူပစ်သလိုပျောက်ကင်းစေသည်။ အစာကြေခြင်း၊ ခံတွင်းကောင်းခြင်း၊ အညှီနံ့ပျောက်ခြင်း၊ အသံသာခြင်း၊ အသက်ရှည်ခြင်း စသည့်အချက်များနှင့်ပြည့်စုံသည်။

**တစ်ပင်လုံးအသုံးဝင်သောပင်စိမ်း**

ပင်စိမ်းပင်သည် အရွက်နှင့်အစေ့သာမက တစ်ပင်လုံး မြစ်၊ ခေါက်၊ ပွင့်၊ သီး အသုံးဝင်သည်။ လူတို့အတွက် ကျန်းမာရေးဓာတ်စာသာမက တိရစ္ဆာန်များရောဂါကုထုံးအတွက်လည်း အသုံးဝင်သည်။ အများစုသည် ပင်စိမ်းကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာသုံးကြပြီး တခြားနည်းဖြင့် အသုံးပြုမှုမရှိပေ။ ပင်စိမ်းစေ့ကို မသုံးသလောက်ဖြစ်သည်။ ပင်စိမ်းစေ့သည် ဖျားနာခြင်း၊ အပူငြိမ်းစေခြင်း၊ ဆီးရွှင်စေ၍ ဆီးပုပ်၊ ဆီးရောဂါတို့ကို ပျောက်စေခြင်း၊ အသည်းရောင်ရောဂါနှင့် သွေးကိုက်၊ သွေးဖုံးရောင်၊ လေရောဂါ၊ သလိပ်ကပ်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။

ပင်စိမ်းစားခြင်းဖြင့် ချွေးကိုထွက်စေသည်။ အရွက်ကိုအမှုန့်ပြုလုပ်၍ ရှူသော် နှာခေါင်းရောဂါပျောက်သကဲ့သို့ ပင်စိမ်းရွက်အရည်ညှစ်လောင်းပေးလျှင် ပွေး၊ ဝဲ၊ ယားနာပျောက်သည်။ ပင်စိမ်းသည် စားသုံးမှု၊ ဆေးဝါးကုသမှုတွင်သုံးသည်သာမက ဆေးဝါးဖော်စပ်မှုမှတစ်ဆင့်တက်၍ ရေမွှေးထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သည်။ ပင်စိမ်းစေ့မှ ဆေးဖက်ဝင် ပင်စိမ်းဆီထုတ်ယူနိုင်သည်။

ပင်စိမ်းရွက်ကို လက်ဖက်ခြောက်ကဲ့သို့ ပြုလုပ်သောက်ခြင်းဖြင့် ရောဂါကာကွယ်မှု၊ စိတ်ကြည်ရွှင်လန်းဆန်းမှုကို ရစေနိုင်သည်ဟုဆိုကြသည်။ ပင်စိမ်းရွက်အခြောက်ကို လေးညှင်းပွင့်အစားထိုးသုံးကြပြီး မဆလာပြုလုပ်၍လည်း စားသုံးနိုင်သည်။ ပြင်းထန်သောပင်စိမ်းနံ့သည် ပိုးမွှားများမလာစေရန် ဟန့်တားပေးနိုင်သောကြောင့် ပိုးမွှားကာကွယ်ရေးအတွက်လည်း အသုံးပြုနိုင်သည်။ ပင်စိမ်းပင်ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ နာတာရှည်ရောဂါများအတွက်လည်း အသုံးပြုကြသည်။ မြန်မာနိုင်ငံ အညာဒေသရှိယာစိုက်ခင်းများတွင် တောပင်စိမ်းဟုခေါ်သော ပင်စိမ်းအရိုင်းများ အလေ့ကျပေါက်သည်။ ယင်းတို့သည် ပင်စိမ်းအယဉ်ပင်ထက် အနံ့ပိုပြင်းပြီး ပရဆေးဖော်စပ်ရာတွင် အသုံးများကြသည်။ ထို့ပြင် တောင်သူဦးကြီးတို့အတွက် ကျွဲ၊ နွားများရောဂါဖြစ်လျှင် ပင်စိမ်းရွက်လက်တစ်ဆုပ်နှင့် ငရုတ်ကောင်းစေ့အစေ့ ၂၀ ကို ရေ ၅၀ ကျပ်သားနှင့်ရော၍ကျိုပြီး တိုက်ကျွေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ ကြက်၊ ဘဲ ဝမ်းရောဂါအတွက် ပင်စိမ်းရွက်ပြုတ်ရည်နှင့် ဆေးကြောပေးခြင်း၊ ပင်စိမ်းစေ့အမှုန့်လိမ်းပေးခြင်းများဖြင့် ကုသပေးနိုင်သည်။ ဆန်ပိုးထိုးသောအခါ ဆန်အိုးထဲသို့ ပင်စိမ်းပင်ထည့်ကာ နှိမ်နင်းနိုင်သည်။

**ပင်စိမ်းရွက်တွင်ပါဝင်သည့် အာဟာရနှင့်သတ္တုဓာတ်များ**

ပင်စိမ်းရွက်နှင့် ကျန်းမာရေးဆေးသုတေသီများ၏ သိပ္ပံနည်းကျလေ့လာစမ်းသပ်မှုအရ ၂ ဂရမ်အလေးချိန်ရှိသော ပင်စိမ်းရွက်တွင် လူသားတို့ကျန်းမာရေးကို ကောင်းကျိုးပြုစေသော ကယ်လိုရီ ၆ ကယ်လိုရီ၊ အဆီဓာတ် သုည ဒသမ ၃ ဂရမ်၊ ပိုတက်ဆီယမ် ၂၀ မီလီဂရမ်၊ ကစီဓာတ် ၁ ဂရမ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ် ၁ ဂရမ်၊ ဗီတာမင်-A ၂ ရာခိုင်နှုန်း၊ ဗီတာမင်- C ၁ ရာခိုင်နှုန်း၊ ကယ်လ်စီယမ် ၃ ရာခိုင်နှုန်း၊ သံဓာတ် ၃ ရာခိုင်နှုန်း၊ ဗီတာမင်- E ၁ ရာခိုင်နှုန်း၊ ဗီတာမင်-K ၄၃ ရာခိုင်နှုန်း၊ သိုင်ရာမင် ၁ ရာခိုင်နှုန်း၊ နိုင်ရာစင် ၁ ရာခိုင်နှုန်း၊ ဗီတာမင်-B ၆၃ ရာခိုင်နှုန်း၊ ဖောလိပ်အက်စစ် ၁ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၂ ရာခိုင်နှုန်း၊ ဇင့် ၁ ရာခိုင်နှုန်းနှင့် မဂ္ဂနိစ် ၃ ရာခိုင်နှုန်းတို့ပါဝင်သည်။ ပင်စိမ်းရွက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်သတ္တိများက ပန်းသီး၊ လိမ္မော်သီးနှင့် ဘလူးဘယ်ရီသီးများထက် ပိုမိုအစွမ်းထက်သဖြင့် စားသုံးသူကို အရွယ်တင် နုပျိုစေသည်။

**အဆိပ်ရှိသတ္တုဝါများ၏အန္တရာယ်မှ ကာကွယ်နိုင်သောပင်စိမ်း**

နေအိမ်ခြံဝင်းထဲ၌ ပင်စိမ်းပင်စိုက်ပျိုးထားခြင်းဖြင့် မြွေအန္တရာယ်မှကင်းဝေးစေနိုင်သည်။ မြွေ၊ ကင်းမြီးကောက်၊ ပျား၊ ပုရွက်ဆိတ် စသည့် အဆိပ်ရှိသတ္တဝါများ၏ကိုက်ခဲခြင်းကိုခံရပါက ဒဏ်ရာပေါ်တွင် ပင်စိမ်းရွက်ကို ကြိတ်ခြေအုံပေးခြင်းဖြင့် အဆိပ်ပြေစေသကဲ့သို့ ပင်စိမ်းစေ့ကိုစားခြင်း၊ အမှုန့်လိမ်းခြင်းပြုလုပ်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ အဆိပ်ရှိသော မြွေ၊ ကင်းများသည် ပင်စိမ်းတောတွင် နေထိုင်မှုနည်းပြီး အညာဒေသ၌ မြွေကိုက်လျှင် ပန်းသုံးဆင့်အပင် အပွင့်များစားသုံးပါက သက်သာပျောက်ကင်းစေသည်ဟုလည်းဆိုကြသည်။

**ဉာဏ်စွမ်းအားကောင်းစေသော ပင်စိမ်း**

ဂျာမနီနိုင်ငံဆေးသုတေသီများ၏ မှတ်တမ်းများအရ ပင်စိမ်းရွက်တွင်ပါရှိသော သဘာဝဓာတ်ပေါင်းစုတစ်မျိုးက ဦးနှောက်စွမ်းဆောင်ချက်ကို တိုးတက်ကောင်းမွန်စေသည့်အပြင် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါတို့ကို ထိထိရောက်ရောက် ကုသပေးနိုင်ကြောင်း အတည်ပြုထောက်ခံထားသည်။ ထို့ပြင် ပင်စိမ်းသည် ကလေးငယ်များ၏ ဉာဏ်ရည်စွမ်းအားကို တိုးတက်မြင့်မားစေနိုင်၍ အရွယ်သုံးပါးမရွေး ပင်စိမ်းစားသုံးသင့်သည်။

**တုပ်ကောင် သန်ကောင်များကို ရှင်းလင်းပေးသော ပင်စိမ်း**

ပင်စိမ်းရွက်က ကူးစက်စေတတ်သော ဗက်တီးရီးယားပိုးမွှားများကို သေစေနိုင်သောအစွမ်းရှိသဖြင့် အူတွင်းရှိ ကပ်ပါးပိုးမွှားများနှင့် တုပ်ကောင်၊ သန်ကောင်တို့ကို သုတ်သင်ရှင်းလင်းပေးနိုင်သည်။ ခွဲစိတ်ထားသောအနာများရင်း၍ ပိုးဝင်ပါက ပင်စိမ်းရွက်ကိုပြုတ်ပြီး ဖန်ရည်အဖြစ်ဆေးကြော၍ဖြစ်စေ၊ ပင်စိမ်းရွက်ခြောက်မှုန့်ကိုဖြူး၍ဖြစ်စေ ကုသပါက ပိုးသေစေပြီး အနာကို လျင်မြန်စွာကျက်စေသည်။

**သွေးသန့်စေသောပင်စိမ်း**

ပင်စိမ်းရွက်ထဲတွင် ပိုတက်ဆီယမ် အလုံအလောက်ပါရှိသဖြင့် နှလုံးခုန်နှုန်းနှင့်သွေးဖိအားတို့ကို ကောင်းစွာထိန်းချုပ်ပေးနိုင်သည်။ လူတစ်ယောက်၏တစ်နေ့တာ မှီဝဲသင့်သော သံဓာတ်ပမာဏသည် ၂၆ ရာခိုင်နှုန်းရှိသင့်ရာ ပင်စိမ်းရွက်တွင် သံဓာတ်ကြွယ်ဝစွာပါရှိသဖြင့် သွေးနီဥကို အားအင်ဖြစ်စေကာ သွေးအားကောင်းစေပြီး သွေးသန့်စေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# မိုးနဲမြို့၌ ယာစပါးမျိုးသန့်ပွားစံပြစိုက်ခင်းနှင့် ယာစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး



မိုးနဲ ဇူလိုင် ၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နမ့်စန်ခရိုင် မိုးနဲမြို့နယ်သို့ ဇူလိုင်လ ၉ ရက်တွင်ရောက်ရှိ၍ မိုင်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ၌ ဆောင်ရွက်ထားရှိသော ယာစပါးမျိုးသန့်ပွားစံပြစိုက်ခင်းနှင့် ယာစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ယာစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသော မြေပဲ၊ စပါးမျိုးများနှင့် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများကိုကြည့်ရှုပြီး တောင်သူများ ကောက်စိုက်စက်နှင့်မျိုးစေ့ချကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး သရုပ်ပြနည်းပညာပေးခြင်းများ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တောင်သူများက မိုးကြီးမှုဖြစ်ပေါ်ပါက ချောင်းရေများလျှံပြီး စိုက်ပျိုးမြေများအတွင်း ရေဝင်ရောက်မှုများကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် နမ့်တွန်ချောင်း၊ နမ့်စလိုင်ချောင်း၊ နောင်အွန်ချောင်းတို့တွင် သဲနုန်းများဆယ်ယူပေးနိုင်ရေးကို တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ကွင်းဆင်းစိစစ်ကြည့်ရှု၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိ



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီများ၌ ဇူလိုင်လ ၉ ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရစဉ်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဇူလိုင်လ ၉ ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့်ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မျိုးဝင်းညို(ကျွန်းလှ)




မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၌ ဇူလိုင်လ ၉ ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဝါဆိုသင်္ကန်းနှင့်ဝါဆိုပန်းများကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ရာမည(ပြန်/ဆက်)



ရေဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်နှင့်ဘုန်းကြီးကျောင်းများ၌ ဇူလိုင်လ ၉ ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)



မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဇူလိုင်လ ၉ ရက် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မွန်မလေး(ပြန်/ဆက်)

## ဝါဆိုချိန်ခါ မင်္ဂလာ

(အချိုးတွဲ)

❖ ကောင်းကင်တစ်ခို မိုးတိမ်လိပ်တို့
တရိပ်ရိပ်နှင့် ယှက်သိုင်းနေ။
မုတ်သုံမိုးတွေ ရွာသွန်းချ
မိုးလခါပေ၊
မြစ်ချောင်းတို့ ရေပြည့်ချေ
လယ်ကွင်းရေ ဖောင်ဖောင်ပေါ။
လဝါဆို မိုးရှုခင်းက
ရွှင်ခြင်းမနော။

❖ ထူးမြတ်သော ဗုဒ္ဓနေ့
ချမ်းမြေ့တဲ့ သည်လခါ။
သန္ဓေတောထွက် ဓမ္မစက်
တစ်ချက်ပြာဋိဟာ။
ဝါဆိုဝါကပ် စဉ်အလာ
မြတ်သံဃာ ရှင်ရဟန်း။
ထို့အတူ
ဥပုသ်ယူ ကုသိုလ်ထပ်
ထူးမြတ်ရွှင်လန်း။

❖ သာမဏေ ဒုလ္လဘ
သွတ်သွင်းကြ သဒ္ဓါပို။
ပဉ္စင်းခံ ဝါဆိုပွဲ
နွှဲကြသကို။
ပုဂံခေတ် ကျောက်စာအဆို
သင်္ကန်းကို လှူဆက်ကပ်။
ကာလအမီ မြတ်ဒါန
အစပြုလတ်။

❖ မျိုးဘာသာ ထုံးဓလေ့
ထုံမွှေ့တဲ့ မျိုးမြန်မာ။
သာသနာ ရောင်ဝါပန်း
ပွင့်လန်းစေမှာ။
ဝါဆိုလ သွင်အခါ
မင်္ဂလာ ခညောင်းလို့။
ပေါင်းစုအဆွေတို့
ကောင်းမှုဖွေ ဘေးမသန်း
အေးချမ်းပါစို့။ ။

ညွှန့်ဝင်း(နတ်တလင်း)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၂၅ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသီစေချင် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | သာယာသီကြွေးခေတ်ဆန်တေး |
| ၅။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၆။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇။ | ၁၇:၀၀ | ကျင်းကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ |
| ၈။ | ၁၈:၀၀ | နယ်ပိုလုပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၉။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း တစ်ဦးတည်းသောသား (ပထမပိုင်း) သရုပ်ဆောင်- ရဲအောင်၊ စိုးမြတ်သူဇာ ဒါရိုက်တာ အောင်မြင့်မြတ်** |

## MWD Education, Knowledge & Sports Channel

၁၀-၇-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၂ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၁၀ - ၁၆:၃၉ | Grade - 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၃၉ - ၁၇:၂၆ | Grade - 8 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၂၆ - ၁၈:၂၅ | Grade - 8 | သမိုင်း၊ သိပ္ပံ |

# ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်မက်ထရစ်တန်သုံးသန်းခန့် တင်ပို့နိုင်ရန်လျာထားပြီး မက်ထရစ်တန် ခြောက်သိန်းကျော် တင်ပို့ထားပြီးဖြစ်



ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်မက်ထရစ်တန်သုံးသန်းခန့် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ဆန်မက်ထရစ်တန်ခြောက်သိန်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်အတူ သက်ဆိုင်ရာ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီများပူးပေါင်း၍ လအလိုက်လျာထားချက်များသတ်မှတ်ကာ ထိုလျာထားချက်များအတိုင်း ပြည့်မီစွာ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ဒီဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်မက်ထရစ်တန် သုံးသန်းခန့် တင်ပို့နိုင်အောင် လျာထားဆောင်ရွက်နေပါတယ်။ ဘဏ္ဍာနှစ်ရဲ့ ပထမပိုင်းလတွေဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လတွေမှာ တစ်လကို ဆန်မက်ထရစ်တန် နှစ်သိန်းတင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။ အခုဆိုရင် ဧပြီ၊ မေ၊ ဇွန် သုံးလရှိသွားပါပြီ။ တစ်လကို ဆန်မက်ထရစ်တန် နှစ်သိန်းခန့် ရည်မှန်းချက်ပြည့်မီအောင် တင်ပို့နိုင်ခဲ့ပါတယ်။ ဇူလိုင်လမှာလည်း ဆန်မက်ထရစ်တန် နှစ်သိန်းကျော် ထပ်မံတင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

ထိုသို့လျာထားချက်များအတိုင်း တင်ပို့နိုင်စေရေး ပြည်တွင်းရှိ ကုမ္ပဏီပေါင်း ၆၀ နီးပါးက တရုတ်၊ ဥရောပ၊ အာဖရိကနှင့် အာဆီယံဈေးကွက်များရှိ နိုင်ငံများသို့ မြန်မာ့ဆန်များ တင်ပို့နိုင်စေရန် သက်ဆိုင်ရာကုမ္ပဏီများ၊ ကုန်သည်၊ ဝယ်လက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေကြပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ စုစုပေါင်း ဆန်မက်ထရစ်တန် ၂ ဒသမ ၄၈ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

# မအူပင်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့်ပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ



မအူပင် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ငါးကြီးဂရက်ကျေးရွာရှိ ဦးပိုင်အမှတ် (၄၃/၁) ကွင်းအမှတ် (၇၅၄) တောင်သူ ဦးချစ်တင်၏ စိုက်ပျိုးမြေသုံးဧက၌ ဆင်းသုခစပါးမျိုးအား အမှတ် (၁၉) စက်မှုလယ်ယာစခန်း (မအူပင်မြို့) မှ စပါးမျိုးစေ့ချကိရိယာဖြင့် ပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင်လ ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မအူပင်ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦးက စပါးမျိုးစေ့ချကိရိယာဖြင့် ပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် လုပ်ဆောင်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက စပါးမျိုးစေ့ချကိရိယာဖြင့်ပျိုးထောင်ခြင်း လက်တွေ့ဆောင်ရွက်နေမှုနှင့်ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းရာ အမှတ် (၁၉) စက်မှုလယ်ယာစခန်း (မအူပင်မြို့) မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးကြီးဂရက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# မြဝတီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

မြဝတီ ဇူလိုင် ၉

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင်လ ၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို အသုံးပြု၍ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး စုစုပေါင်းအသင်းသား ၁၅၀ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၅၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# မကွေးမြို့နယ် ရှားဇောင်းကန်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မကွေး ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၇၅ ဒသမ ၆ သန်းဖြင့် ရှားဇောင်းကန်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို တာဝန်ရှိသူများက ဇူလိုင်လ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် တင်ဒါအောင်မြင်သော Myint Zu Aung ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရှားဇောင်းကန်ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများကို လုပ်ငန်းများအားလုံး စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို Myint Zu Aung ကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၁၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ရာ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ရှားဇောင်းကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

# ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ယခုနှစ်ဒီဇင်ဘာလအတွင်း ပုစွန်သားဖောက်လုပ်ငန်းနှင့် အစာစပ်စက်ရုံလုပ်ငန်းများစတင်လုပ်ငန်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ လျာထားချက်အတိုင်းအောင်မြင်စေရေးလုပ်ငန်းရှင်များအားလုံးတို့က လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက လက်ရှိပုစွန်မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်မှုအလားအလာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)သို့ သွားရောက်၍ မျိုးဗီဇဓာတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် မျိုးရေခဲချောင်းထုတ်လုပ်ရေးဓာတ်ခွဲခန်းလုပ်ငန်း၊ မျိုးနွားမွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာမြက်အမျိုးမျိုးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သုတေသနမှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိရေးနှင့် သုတေသနတွေ့ရှိချက်များကို မျိုးဆက်သစ်ပညာရှင်များထံ လက်ဆင့်ကမ်းမျှဝေအသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ) မျိုးဗီဇဓာတ်ခွဲခန်းတွင်မွေးမြူရေးနွားကောင်ရေ၃၀၀၏မျိုးဗီဇများကိုစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးရေခဲချောင်းထုတ်လုပ်ရေးဓာတ်ခွဲခန်းလုပ်ငန်းအနေဖြင့် မျိုးရေခဲချောင်း ၁၅၂၀၀၀ ထုတ်လုပ်ဖြန့်ဖြူးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်အတူ ပဲခူးမြို့ ကတွင်းခြံကျေးရွာ မိုးစပါးစိုက်ကွင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကတွင်းခြံကျေးရွာ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက်လယ်ယာသုံးစက်ကိရိယာကောက်စိုက်စက်များနှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာများကိုလည်းကောင်း၊ ကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါးစိုက်ပျိုးနေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးကြသည်။ ပဲခူးတိုင်းဒေသကြီး၌ယနေ့အထိ မိုးစပါးဧက၃၂၀၀၀ကျော်စိုက်ပျိုးပြီးစီးကြောင်းနှင့် လျာထားဧက ၁၀၆၄၅၃ ဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့သည် ပဲခူး ၁၀ မိုင်ကုန်းရှိမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း အသုံးပြုခွင့်ရရှိထားသည့် ကုမ္ပဏီ၏မြေနေရာ ဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေး၍ မိုးရာသီကုန်သည်နှင့်လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်းသိရသည်။

မြဝတီ

# အပူပိုင်းဒေသ ၁၃ ခရိုင် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၁၄/၀) အနီးရှိ၂၀၂၅ခုနှစ်တွင် စိုက်ပျိုးထားသော မိုးရာသီသစ်မျိုးစုံစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ် လိန်တောကြိုးပြင်ကာကွယ်တောအတွင်းရှိ ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲ/ယာ ဘက်စုံသုံးစိုက်ခင်း၊ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတစ်လျှောက် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများနှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသောစိမ်းလန်း စိုပြည်ရေးဘက်စုံသုံးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းမိုင်တိုင်အမှတ်(၄/၀)တွင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပမည့်နေရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းတစ်လျှောက် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲ/ယာစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများနှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေးဘက်စုံသုံးစိုက်ခင်းများ၊ ညောင်ဦးမြို့နယ် တုရင်တောင်အဆိုပြုကြိုးပြင်ကာကွယ်တောရှိ တုရင်တောင်ဒေသအထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းတို့အား ကြည့်ရှုစစ်ဆေးကာ ရေရှည်တည်တံ့စေရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားကြောင်းသိရသည်။

မြဝတီ

# ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလှူငွေ၊ ဆိုလာမီးအိမ်နှင့် ဆေးဝါးများပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလှူငွေ၊ ဆိုလာမီးအိမ်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းကြောင်းသိရသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်ရန် တပ်ဆင်ထားသော Container House များတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၁၂၃၀၀၀၀၀၊ ဆိုလာမီးအိမ် ၁၂၃ ခုနှင့် မှန်ချိုအကြောပြေလိမ်းဆေးများကို ယမန်နေ့မွန်းလွဲ၁ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အာဇာနည်ဗိမာန်သို့လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားနေပါက အခမ်းအနားသို့လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနားကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေး ချက်များအား လိုက်နာရန်။

**(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့သည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး (နေပြည်တော်)၌ တွေ့ဆုံကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ အဖွဲ့ဝင် ဦးခင်မောင်ဦး၊ အတွင်းရေးမှူးဦးရဲရင့်လွင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်အဖွဲ့ဝင် ဦးတင်အောင်၊ ဦးဝင်းလှိုင်ဦး(ခ)ကုန်ဇမှူးတို့တက်ရောက်ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌတို့က ကျင်းပပြုလုပ်ရန်ရှိသော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပါဝင်ထိုက်သူများပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန်၊ ဥပဒေနှင့် ညီညွတ်ပြီး သတ်မှတ်သောစံနှုန်းများ ကိုက်ညီစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလသုံးခုလုံး၌ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်များအပါအဝင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ မဲပေးနိုင်ရေးကိစ္စများ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပညာပေးမှုကိစ္စများ၊ မြန်မာ electronic မဲပေးစက်များ (MEVM) ဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကိစ္စများ စသည့်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစုများ အတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနက် နေပြည်တော်ကောင်စီနယ်မြေတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစုများ အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုးနှင့် လျှပ်စစ်မီးပူတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။




ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဦးစီးဌာနအသီးသီးမှ ငလျင်ဒဏ်ကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ယနေ့အခမ်းအနားသည် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့်ဝန်ထမ်းမိသားစုများအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဝန်ထမ်းများ၏ ပုံမှန်နေ့စဉ် လူနေမှုဘဝကို

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်ကောင်စီနယ်မြေရှိ မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစု ၄၄ စုကို အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ ၄၄ လုံး၊ ရုပ်မြင်သံကြားစက် ၄၄ လုံး၊ ထမင်းပေါင်းအိုး ၄၄ လုံး၊ လျှပ်စစ်ရေနွေးအိုး ၄၄ လုံး၊ လျှပ်စစ်ဟင်းချက်အိုး ၄၄ လုံးနှင့် လျှပ်စစ်မီးပူ ၄၄ လုံးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ၄၄ ဦးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည့် အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ဝန်ထမ်းမိသားစုများ ယာယီနေထိုင်သည့်နေရာများသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ပဲခူးတိုင်းဒေသကြီး(အရှေ့)နှင့်ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဇူလိုင်လ ၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး(အရှေ့) တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် Safety Tools Equipment များ စနစ်တကျအသုံးပြု၍ လုပ်ဆောင်ရေး မှာကြားပြီး ပဲခူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရွှေစွမ်းအင်ကုမ္ပဏီတို့မှ ဓာတ်အားခများ စနစ်တကျကောက်ခံနိုင်ရန် လယ်ဂျာများ စာရင်းသွင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင်လ ၈ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများအား အဖွဲ့များဖြင့်ကွင်းဆင်းစစ်ဆေးရာတွင် စစ်ဆေးမှုများကို လျှပ်စစ်ပုံစံများအထောက်အထားပြုဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်တွင် SCADA System ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း AMI Meter များရှိ System Data များထံမှ လက်ခံရရှိသော ဓာတ်အားသုံးစွဲနေမှုများကို စနစ်တကျထိန်းချုပ်ကြပ်မတ်နေမှု၊ AMI Control Center တွင် တရားမဝင်ဓာတ်အားသုံးစွဲနေမှုများ စစ်ဆေးဖော်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးအတွင်းရှိ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ၁၁/၆.၆ ကေဗွီ သော်မဆင် Indoor ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ဓာတ်အားခယူနစ်များ လယ်ဂျာများ ရေးသွင်းမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ဝါဆိုစဉ် စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

**➤ ဝါဆိုစဉ် ဘုရားရှိခိုးနှင့်စာအလင်္ကာများမှာမူ အများနားလည်နိုင်သောစာပေများဖြစ်သည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ရုပ်လုံး၊ ရုပ်ကြွပန်းချီကား၊ ပြက္ခဒိန်အဖုံး စသည်တို့တွင် ဗုဒ္ဓဘုရားရှင် ဆယ်ဝါမြောက် ပလလဲတော၌ ဝါဆိုစဉ် မျောက်နှင့်ဆင်က အခြံအရံ အလုပ်အကျွေးပြုပုံကို အခါအားလျော်စွာ တွေ့ဖူးကြပါလိမ့်မည်။ ဤသို့သောအခန်းကို မည်သို့မည်ပုံရေးဆွဲသင့်သည်၊ ရေးဆွဲရမည်ကို စွယ်စုံကျော်ထင်ကျမ်းတွင် တွေ့နိုင် . . .**

ဝါဆိုလနှင့် မြန်မာ့ယဉ်ကျေးမှုသည် လက်ခုပ်လက်ဝါး တစ်သားတည်းဆိုသကဲ့သို့ရှိသည်။ လောကနီတိစာပေများတွင် “လ”တကာတွင် နက္ခတ်စုံသောတန်ဆောင်မုန်းလသည်အမြတ်ဆုံးဟု ဖော်ညွှန်းထားသည်။ ဤသို့အဆိုရှိသလို မြန်မာမှုနှင့်ဆိုလျှင်လည်း ဝါဆိုလသည် အခြားလများထက် ထူးခြားသည်ဟု ဆိုချင်သည်။

မြန်မာ့ပြက္ခဒိန်အစီအရင်တွင် သင်္ကြန်တွက်ရိုး၊ နေကြတ်၊ လကြတ်၊ ဝါထပ်၊ ရက်ငင်၊ အဓိမာသ်ပြို/မပြို စသည့်ပြက္ခဒိန်ဆိုင်ရာအကြောင်းအရာများသည် ဝါဆိုလ၏ လပြည့်၊ လကွယ်နေ့ရက်များကို အဓိကထားတွက်ကိန်းဆင် အဟောထုတ်ရပေသည်။ ရှေးမြန်မာမင်းများလက်ထက်လွှတ်တော်မှ ပြန်တမ်းထုတ်ရသည်။ ယနေ့တိုင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပြန်နေဆဲဖြစ်သည်။

ရှေးမြန်မာဘုရင်များနှင့်သာသနာပိုင်ဆရာတော်များ အစဉ်အဆက် သက္ကရာဇ်ဖြိုခြင်း၊ ဝါထပ်ရက်ငင်ညှိခြင်း စသည့်ဆုံးဖြတ်ချက်အယူအဆ သမိုင်းစဉ်ဖြစ်ရပ်များသည် ဝါဆိုလကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော နိဒါန်းများဖြစ်သည်။ (ပထမမောင်းထောင်သာသနာပိုင်နှင့်ဗဒုံမင်း စသည်..... ကုန်းဘောင်ခေတ်)

ပြက္ခဒိန်အစီအရင်တွင် ပထမဝါဆို၊ ဒုတိယဝါဆိုနှင့် ရက်ငင်/မငင်၊ သုဒ္ဓဒိန်ဖြစ်/မဖြစ် ဆုံးဖြတ်ချက်များသည် ဝိနည်းဆိုင်ရာအဆုံးအဖြတ်များနှင့် ဆက်စပ်နေသည်။

သံဃာတော်များအနေဖြင့်လည်း ပုရိမဝါဆိုခြင်း (ပထမဝါဆို)၊ ပစ္ဆိမဝါဆိုခြင်း(ဒုတိယဝါဆို)၊ ကထိန်အာနိသင်ရ/မရ စသည့်အကြောင်းအရာများသည် ဝိနည်းအဆုံးအဖြတ်များနှင့်ဆက်စပ်နေပေသည်။

ဝါဆိုအမည် ဝေါဟာရသည် ပုဂံခေတ်ဦးတွင် မြွယ်တာလ - နွယ်တာလ(မြေတိုင်းသောလ)ဟု ကျောက်စာ၊ မင်စာများတွင်တွေ့ရသည်။

ဗုဒ္ဓဘာသာသာသနာ အလွန်အားကောင်းလာသောအခါ မူလပေါရာဏဖြစ်သော မြွယ်တာလ-နွယ်တာလဝေါဟာရ စသည်များသည် တဖြည်းဖြည်းကွယ်ပျောက်ပြီး ဗုဒ္ဓဘာသာကိုအခြေခံသော ဝေါဟာရများဖြစ်လာကြသည့်အနက် ဤ “ဝါဆို” ဝေါဟာရသည် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ပြုမှုကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရသာဖြစ်လာသည်။ ဝါဆိုဝေါဟာရအသုံးများထွန်းကားလာသလို ဝါဆိုနှင့်ပတ်သက်သော စာပေများရုပ်လုံးရုပ်ကြွပန်းချီအနုပညာများသည်လည်း ၁၂ လရာသီအနုပညာများနှင့်အတူ ပေါ်ပေါက်လာခဲ့ပေသည်။

ပုဂံခေတ် ဘုရားပုထိုးဂူကျောင်းပြာသာဒ်အရပ်ရပ်တွင် ရှိကြသော ၁၂ လရာသီပွဲတော်ဆိုင်ရာအနုပညာများနှင့် ဘာသာရေးဆိုင်ရာပုံတော်စုံများ အသီးသီးရှိကြသည့်အနက် ပုဂံခေတ်တွင် တည်ဆောက်ခဲ့သော ဥပါလိသိမ်တွင်တွေ့ရသည့် ဗုဒ္ဓဝါဆိုစဉ် နံရံဆေးရေးပုံတော်မှာ အလွန်လက်ရာမြောက်၍ ထိုခေတ်ထိုကာလ ဝတ်စားဆင်ယင်မှုများကို ဗဟုသုတအနေဖြင့် မှတ်သားဖွယ်ရာတွေ့နိုင်သည်။ (ကုန်းဘောင်ခေတ် ထပ်ရေးပန်းချီဖြစ်ပါသည်။)

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် ဒေသအသီးသီးတွင် ဖော်ဆောင်ခဲ့ကြသော ရုပ်လုံးရုပ်ကြွများရှိသလို စာပေဆိုင်ရာများအနေဖြင့်လည်း အသီးသီးရှိကြသည်။ အထူးသဖြင့် ပိဋကတ်စာပေတွင် ဝိနည်းဆိုင်ရာအဖွင့်များပင်ဖြစ်သည်။ သို့သော် ထိုဝိနည်းအဆုံးအဖြတ် အကြောင်းအရာများကို အများစုနားမလည်နိုင်ပေ။ ဝါဆိုစဉ် ဘုရားရှိခိုးနှင့် စာအလင်္ကာများမှာမူ အများနားလည်နိုင်သောစာပေများဖြစ်သည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ရုပ်လုံး၊ ရုပ်ကြွပန်းချီကား၊ ပြက္ခဒိန်အဖုံး စသည်တို့တွင် ဗုဒ္ဓဘုရားရှင်ဆယ်ဝါမြောက် ပလလဲတော၌ ဝါဆိုစဉ် မျောက်နှင့်ဆင်က အခြံအရံ အလုပ်အကျွေးပြုပုံကို အခါအားလျော်စွာ တွေ့ဖူးကြပါလိမ့်မည်။ ဤသို့သော အခန်းကို မည်သို့မည်ပုံရေးဆွဲသင့်သည်၊ ရေးဆွဲရမည်ကို စွယ်စုံကျော်ထင်ကျမ်းတွင် တွေ့နိုင်သည်။

ကြည့်ကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးဖြေဆိုသော စွယ်စုံကျော်ထင်ကျမ်းလာ ပုစ္ဆာအမှတ်-၅၀၀ ၌ “ပလလဲစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော်ရှိလိမ့်နည်း” ဟူသောအမေးကို ဗုဒ္ဓဝင်ဆိုင်ရာအပဒါန်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာများကိုကျမ်းကိုးပြု၍ “ဝါကပ်ရာကျောင်းသင်္ခမ်းမရှိ”ဟု ဖြေဆိုထားလေသည်။

ထို့ကြောင့် အချို့ပလလဲတော ဝါဆိုစဉ်တွင် ကျောင်းသင်္ခမ်းပုံနှင့် ထည့်သွင်းသရုပ်ဖော်ထားသည်ကို ကျမ်းဂန်နှင့်ကွဲလွဲနေသည်ကို အလွယ်တကူသိနိုင်လေသည်။ ဤသည်မှာ ဗဟုသုတဆိုင်ရာ တစ်စိတ်တစ်ဒေသဖော်ပြခြင်းဖြစ်သည်။ အဓိကဖော်ပြလိုချက်မှာ ဗုဒ္ဓဝါစဉ် စာအလင်္ကာများသာဖြစ်သည်။

တစ်ခါသော် ဘုရားကိုးဆူပူဇော်ပွဲတစ်ခုတွင် ဗုဒ္ဓမြတ်စွာ ပလလဲတောတွင်ဝါဆိုစဉ် သီတင်းကျွတ်၍ ရှင်အာနန္ဒာပြန်ပင့်သောအခန်း၌ ပလလဲဆင်မင်းဝမ်းနည်းသော(ရင်ကွဲနာကျ)အခန်းကို ဘုရားကိုးဆူ ဆရာက အသံနေအသံထားအနိမ့်အမြင့် အဆွဲအငင်အတင်အချပြုပြီး ကြေးစည်သံနောက်ဝေဝေဖြင့် နံနက်အရုဏ်တက်ရွှတ်ဖတ်ရာ အလွန်ကြည်နူးပြီး စိတ်ကူးဖြင့် ကွက်ကွက်ကွင်းကွင်းမြင်ကွင်းပန်းချီထင်ဟပ်ခဲ့ဖူးသည်။

ထိုမှစတင်၍ ဝါဆိုစဉ် စာပေအလင်္ကာကို စိတ်ဝင်စားလာရာ ဝါဆိုနှင့်ပတ်သက်၍ စာဆိုပညာရှင်အသီးသီး၏ဝါဆိုစဉ်အလင်္ကာအမျိုးမျိုးကို စုဆောင်းခဲ့သည်။ ဝါဆိုစဉ် စာပေကို ရှေးပညာရှင်များ ရေးဖွဲ့ခဲ့ရာ၌ ကျမ်းတစ်စောင်ပေတစ်ဖွဲ့မဟုတ်ဘဲ ပကိဏ္ဏက(ပြိုးပြွမ်း)စာစုအနေဖြင့်သာ တွေ့ရသည်။ ဥပမာ - ဆရာတော်ဦးဗုဓ် စာစုစာရင်း၊ မုံရွေးဇေတဝန်ဆရာတော်၏စာစုစာရင်း စသည်ထဲတွင် ကြားညပ်ပါသော စာများသာဖြစ်သည်။

အခြားဝါဆိုစဉ်စာအလင်္ကာများမှာလည်း ထိုနည်းတူကျမ်းစာအကြောင်းအရာထဲမှ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်သည်။ ထိုအကြောင်းအရာ(ဝါဆိုစဉ်)များကို စာဆိုများ၏သက္ကရာဇ်စဉ်ဖြင့်ဖော်ပြမည်။

ဝါဆိုစဉ်စာအလင်္ကာများရေးဖွဲ့ကြသည့်စာဆိုကြီးများအနက် ရှေးအကျဆုံးရေးဖွဲ့ခဲ့သူမှာ လောကနီတိကျမ်းပြုပညာရှင် စတုရင်္ဂဗလအမတ်ကြီး(၆၇၅-၇၂၅ ခန့်)ဖြစ်သည်။ ရှေးအကျဆုံးတွေ့ရသောစာပေဖြစ်သည်။ ဂါထာ ၇ ပိုဒ်ရှိသည်။ ပါဠိနိဿယရေးဖွဲ့မှုမျိုးဖြစ်သည်။

လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ပထမဝါကို သုံးလပတ်လုံး ဣသိပတနရသေ့ပစ္စေကဗုဒ္ဓါတို့ သက်ကျရာဖြစ်သော မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်မှ စတင်၍ လေးဆယ့်လေးဝါမြောက်ပြီး နောက်ဆုံးလေးဆယ့်ငါးဝါကို ဝေဠုဝရွာတွင် သီတင်းသုံး ဝါဆိုတော်မူသော မြတ်စွာဘုရားကိုရှိခိုးပါ၏ဟု ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဒုတိယတွေ့ရသော ရေးဖွဲ့သူမှာ စိန္တကျော်သူ ဦးဩ(၁၀၉၈-၁၁၃၃)ဖြစ်သည်။ စိန္တကျော်သူ ဦးဩမှာ ကုန်းဘောင်ခေတ်တွင် စာပေပညာရှင်ကြီးဟု အလွန်ထင်ရှားခဲ့သော တွင်းသင်းတိုက်ဝန် မဟာစည်သူ(၁၀၈၈-၁၁၆၈)၏တူတော်ဖြစ်ပေသည်။ ရေးဖွဲ့ထားသောစာအလင်္ကာအမျိုးအစားမှာ ရကန်အမျိုးအစားဖြစ်သည်။ ရကန်စာပေမှာ တစ်ဦးတစ်ယောက်၏ အဆိုကို အကျောက်အကန်လုပ်၍လည်းကောင်း၊ သရော်၍လည်းကောင်း ရေးဖွဲ့ကြသောစာပေအမျိုးအစားဖြစ်သည်။

သူရေးဖွဲ့သော ရကန်တွင်--- “လောကသုံးဦးခေါင်မှန်ဖူး၏ကျေးဇူးစာ၊ ရှေးကဆိုဟန် အတန်တန်သည် ရကန်ရတုမှာပင်၊ ကျမ်းနှင့်စာညီလာဘဲ ဘီးကို-ရှင်မှာမတင်သာသည် တောင်ယာနှင့်ခန္ဓဲသို့၊ အလွဲလွဲအချွတ်ချွတ်ပညာနည်းသူ ထိုအောက်လူတို့ အယူဝါဒလွတ်ချိမ့်၊ ရှေးစာချွတ်လည်း တည့်မတ်အောင် အာဇာနည်လူ့ယှဉ်မပြူသည် ငါ့တူမင်းရွှေတောင်က၊ ယဉ်လှအောင်စပ်ဆိုဘိ လင်္ကာပုဒ်တွင် သာရအင်နှင့် ရှင်ပင်မိန့်တော်ရှိ၍ စံကဝိလူပုဂ္ဂိုလ် နိဂုံးနှင့်တကွ ပဉ္စမကို ပဒပြည့်အောင်ဆိုရှင့်၊ ရကန်ချိုပေါ်သစ်စ ကျမ်းနှင့်ညီအောင် နိဒါန်းဆောင်သည် ရွှေတောင်ဂါမော်ကတည်းလေး...။”

စာဆိုဦးဩ၏ဆိုလိုချက်မှာ ဝါဆိုစဉ်နှင့်ပတ်သက်၍ ရေးပုဂ္ဂိုလ်များရေးဖွဲ့ခဲ့ကြသည့် စာပေများရှိပေသည်။ သို့သော် ပိဋကတ်ကျမ်းစာနှင့်မညီ ကိုရင်ရှင်သာမဏေနှင့်ဘီး၊ တောင်ယာနှင့်ခန္ဓဲ အဆီအငေါ် မတည့်သလို အလွဲလွဲအချော်ချော်ဖြစ်သည်။ ဤသို့သောစာပေမျိုးကို ကျမ်းနှင့်ညီအောင်ညှိ၍ တူတော်မောင်က ရေးစပ်ပါဟု ဦးလေးတွင်းသင်းမင်းကြီး ဦးထွန်းညိုက တိုက်တွန်း၍ ဤစာကိုကျမ်းနှင့်အညီ ရေးလိုက်သည်။

ဝါဆိုစဉ်နှင့်ပတ်သက်လျှင် မိမိသည် စံပြုလောက်သည့်ပညာရှိကဝိဖြစ်သည်ဟု ကြွားကြွားဝံ့ဝံ့ ရကန်ပီပီ ရေးသားထားခြင်းဖြစ်သည်။ စတုရင်္ဂဗလအမတ်ကြီးနှင့် စိန္တကျော်သူဦးဩတို့၏ခေတ်ကို ချင့်တွက်ပါက နှစ်ပေါင်း ၄၀၀-၄၅၀ ခန့်ကွာဝေးပေသည်။ ကြားကာလတွင်မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော စာပေပညာရှင်ကြီးများ၊ စာဆိုကြီးများ များစွာပင်ရှိခဲ့ပေသည်။

ထိုပုဂ္ဂိုလ်ကြီးများအနက် အချို့သောစာဆိုပုဂ္ဂိုလ်တို့သည် ဝါဆိုစဉ်နှင့်ပတ်သက်၍ ရေးခဲ့တန်ရာ၏။ ထိုစာပေမျိုးများကို ရှာဖွေစုဆောင်းဆဲ၊ သုတေသနပြုဆဲဖြစ်သည်။ စာဆိုစိန္တကျော်သူဦးဩ၏ ဤရကန်ကိုသာလျှင် စာအလင်္ကာနှင့်တွေ့ရပေသည်။ ရကန်ပိုဒ်ရေ၅ ပိုဒ်ရေးထားသည်။ အလွန်စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

တတိယတွေ့ရသောဝါဆိုစဉ် စာအလင်္ကာမှာ မုံရွေးဇေတဝန်ဆရာတော်(၁၁၂၈-၁၁၉၀) ဖြစ်သည်။ လင်္ကာအရေးအသားဖြစ်သည်။ မုံရွေးရှင်သီရိမာလာ။ (နောင်သော်-လှေသင်းအတွင်းဝန် ဦးချိန်) မေးမြန်းချက်။ ဗုဒ္ဓဝါဆိုစဉ် အကြောင်းအရာကို လင်္ကာသွားဖြင့် ရေးသားထားခြင်းဖြစ်သည်။ ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဝဇီရဗုဒ္ဓိဋီကာ၊ သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာ စသည့်ပိဋကတ်တော်ဆိုင်ရာ အထောက်အထားများနှင့် ညှိနှိုင်း၍ ဖြေဆိုကြောင်း ပုစ္ဆာနံပါတ် ၁၆၄ တွင် ဖြေဆို၍ “တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာန၌၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ၊ နေပြီမှလျှင်၊ ပထမဝါ၊ ဗာရာဏသီ၊ မြိုင်တောမှီ၏”စသည်ဖြင့် အကျယ်တဝင့်ရေးထားပေသည်။

မုံရွေးဇေတဝန်ဆရာတော်ပင်လျှင် ရေးစပ်သည်ဟု မုံရွေးဇေတဝန်ဆရာတော်၏ စာစုစာရင်းတွင် တွေ့ရသော ဝါဆိုစဉ်ဘွဲ့ဘုရားရှိခိုးကိုလည်း တွေ့ရပေသည်။ “မိဂဒါဝေါ၊ တောရပ်ကျော်ဝယ်၊ ဝါတော်ပထမ၊ ကပ်ချဉ်းစ၏၊ ဒုတိယ တတိယာ၊ ခါစတုတ္ထ၊ ရောက်ကာလ၌၊ ရာဇဂြဟ၊ တောင်ခြေဝန်းပတ်၊ မြို့မြတ်အပါး၊ ဝါးအလိမ်လိမ်၊ တိမ်ညိုကဲ့သို့၊ စို့သက်တင်ရွက်၊ မြဖူးခက်နှင့်၊ ရှဉ့်နက်တို့အား၊ ရှေးမင်းဖျားတို့၊ အစားအသောက်၊ ချီးမြှောက်တန်ကျွေး၊ ပေးရာကမ်းရာ၊ ဥယျာဉ်သာ၌၊ ရတနာစီမံ၊ ဝေဠုဝန်တွင်၊ ငါးတန်ကိစ္စ၊ နေ့ညမလပ်၊ ဝါတော်ကပ်၏။”

ဆရာတော်၏ ဝါဆိုစဉ်တွင် ဆယ်ဝါမြောက်ပလလဲတောတွင် ဝါဆိုတော်မူကြောင်းကို ...သုညာဇော၊ ရောက်ကာလသော်၊ ဖော်ကဖဲခွာ၊ ကိုယ်ထီးသာလျှင်၊ နေရာကောင်းမည်၊ ကြံအစည်နှင့်၊ အရှည်မျှော်ထောက်၊ တစ်ယောက်ထည်းထည်း၊ ကုသိုလ်ဆည်းသည်၊ ပလလဲမည်တွင်၊ ဆင်၏ပျော်ရာ၊ မြိုင်သာဂီရိ၊ ရက္ခိတတော၊ မြတ်ခြေကြော၌၊ အံ့ဩလေအောင်၊ ဆောင်သည်မယွင်း၊ ပင်ရင်းပင်ဖျား၊ ဖားတဝေဝေ၊ ဝတ်မှုန်တွေနှင့်၊ ရွှေအရောင်ဝ၊ အရိုန်ထသည်၊ ဘဒ္ဒသာလ၊ နာမသနို့ရှင်း၊ နတ်တလင်းသို့၊ အင်ကြင်းပင်သွယ်၊ တောမြိုင်လယ်မှာ၊ ညာဘယ်ဝဲယာ၊ သံဃာမရုံ၊ ကိုယ်တည်းစံ၍၊ သံတိန်တရှိန်း၊ ဝါဆိုမှိန်းသည်၊ တွက်ကိန်းဆယ့်နှစ်ရောက်ဆဲတည်း။

စတုတ္ထမြောက်တွေ့ရသောစာမှာ ဆရာတော်ဦးဗုဓ်(၁၁၄၉-၁၂၀၄)ရေးဖွဲ့သော ဝါဆိုစဉ်ဖြစ်သည်။ ပါဠိ ၅-ဂါထာဖြင့် ရေးထားသည်၊ နိဿယနှင့်ပြန်ဆိုထားခြင်းဖြစ်သည်။ **စာမျက်နှာ ၁၄ သို့ ■**

■ စာမျက်နှာ ၁၃ မှအဆက်

နိဂုံးတွင်- ...တတ္တတက္ကာ၊ ထိုထိုပြည်ရွာ၌ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဝသန္တော၊ ဝါကပ်ဆိုတော်မူလျက်။ လောက ဟိတာဝဟံ၊ လူတို့၏ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုးစီးပွားကို ရွတ်ဆောင်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။ နိဿယစာသွားတွင်ကာရန်ကိုက်အညွန့်များမပါရှိဘဲ ရိုးရိုးပြန်ဆိုထားသည်ကိုသာ တွေ့ရသည်။

ပဉ္စမမြောက်တွေ့ရသောစာမှာ ဒုတိယမောင်းထောင်ဆရာတော်(၁၁၆၁-၁၂၂၇)၏ ဝါဿမာလိနီကျမ်းခေါ် ဗုဒ္ဓဝန္ဒနာမဟာပဏာမကြီး ဝါဆိုစဉ်ဘုရားရှိခိုး ပါဠိဂါထာနိဿယပြန်စာပေဖြစ်သည်။ ဂါထာပေါင်းပုဒ်ရေ(ခြောက်ဆယ်)၊ ဆုတောင်း(နှစ်ဂါထာ)၊ နိဂုံးဂါထာ(လေးပုဒ်) စပ်ထားလေသည်။

ဤစာအလင်္ကာကိုရေးသောကာလသည် ပုဂံမင်းနှင့် ညီတော် မင်းတုန်းမင်း၊ ကနောင်မင်းတို့ စစ်ခင်းတိုက်ခိုက်မှုကြောင့် မတ္တရာမြို့သို့ စစ်ရှောင်ရင်းအိုးထိန်းသည် ရွာငယ်တွင် သီတင်းသုံးနေစဉ် ရေးဖွဲ့တော်မူသော စာအလင်္ကာဖြစ်သည်။

ဤဝါဿမာလိနီကျမ်းကို မင်းကွန်းတိပိဋက ဆရာတော်ကြီးက ထေရဝါဒလွှမ်းမိုးသော သီဟိုဠ်နိုင်ငံတွင်ပင်မတွေ့နိုင်သော ပါဠိစာပေအရေးအသားဖြစ်ကြောင်း၊ ဂါထာအရေးအသားတွင် အံ့သြဖွယ်ရာစံတင်စရာမူတစ်ခုဖြစ်ကြောင်းကို မိန့်ဆိုခဲ့ဖူးသည်။ ပါဠိစာအရေးအသားတွင် ဆန်းဂိုဏ်းအလင်္ကာနှင့်အညီ တနူမဇ္ဈာဂါထာ၊ ကုမာရလလိတာဂါထာ၊ စိတ္တရပဒါဂါထာ၊ မာနဝကဂါထာ၊ မတ္တာဂါထာ စသည်ဖြင့် ဂါထာအမျိုးအစားများကိုလည်း ညွှန်းထားလေသည်။

မြန်မာလို ဥပမာပေးရပါက ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ လေးဆစ်၊ သဖြန်၊ တေးထပ်၊ ရှစ်ဆယ်ပေါ်တေးထပ်၊ လူးတား၊ လွမ်းချင်း၊ အဲချင်း စသည့်ရေးဖွဲ့မှုမျိုးကဲ့သို့ ဝါဆိုစဉ် (လေးဆယ့်ငါးဝါ)ကို အဆင့်ဆင့်ရေးဖွဲ့ထားလေသည်။

စာဆိုဆရာတော်၏ ဆုတောင်းနှင့်နိဂုံးသည် အလွန်ထူးခြားလှပေ၏။ ကုန်းဘောင်ခေတ်နှောင်း၏ သမိုင်းအချိုးအကွေ့တစ်ခုကိုလည်း ပြထားလေသည်။ ရှေးစာဆိုတို့၏ဆုတောင်းများသည် လေ့လာဖွယ်၊ မှတ်သားဖွယ်၊ ကျင့်သုံးဖွယ်များရှိကြရာ ဆရာတော်၏စာသည်လည်း ထို့အတူပင်ဖြစ်ပေသည်။

ဆဋ္ဌမမြောက်တွေ့ရှိရသော ဝါဆိုစဉ် စာအလင်္ကာမှာ ကျီးသဲလေးထပ်ဆရာတော်(၁၁၇၉-၁၂၅၇)၏ ဇိနတ္ထပကာသနီကျမ်းပါသော ဝါဆိုစဉ်အကြောင်းအရာဖြစ်သည်။ အဋ္ဌကထာပါဒ်များကိုလည်း ညွှန်းဆိုထားပေသည်။ လင်္ကာမှာတိုသလောက် အနက်အဓိပ္ပာယ်သက်ရောက်မှုရှိလှပေသည်။ "...ဒွါတိဗယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လဉ္စဝိဝိဟာ၊ ဆဝါမကုလ၊ သတ္တမဝတီံသာ++++ ဤလူ့သက္ကရာဇ်၊ အင်္ဂဇောဇ်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမီစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား"+++++ အကျဉ်းချုပ်သံခိပ်အနေနှင့်ရေးထားလေသည်။ ဘုရားရှိခိုးရုံမျှသာဖြစ်သည်။ ဆုတောင်းခြင်းမပါပေ။

သတ္တမမြောက်တွေ့ရှိရသည်မှာ တောင်ခွင်သာသနာပိုင်ဆရာတော်ဥူးဝိသုဒ္ဓသီလာစာရ(၁၂၀၆-၁၂၈၇)ဖြစ်သည်။ ဆရာတော်မှာ သီပေါမင်းသား၊ ရနောင်မောင်မောင်တုတ်၊ ရစ်ပလေ (နောင်သော်ဟံသာဝတီပုံနှိပ်တိုက် တည်ထောင်သူ)တို့နှင့် ကျောင်းနေဖက်ဖြစ်သည်။ ဆရာတော်က အနည်းငယ်ကြီးသည်။ သက်ကြီးပိုင်းတွင် ကင်းဝန်မင်းကြီးဦးကောင်း၊ ဝက်မစွတ်နဝဒေး၊ ပုဂံဝန်ထောက်မင်းဦးတင် စသည့်ပုဂ္ဂိုလ်များ၏အမေးကိုဖြေဆိုရာဖြစ်သော ပညာဗျုကရဏ ဝိနိစ္ဆယတို့ဖြင့် ထက်ဝန်းကျင်ပြည့်သောဂုဠတ္ထဝိနိစ္ဆယကျမ်းကြီးတွင်ပါဝင်သော ဝါဆိုစဉ် အကြောင်းအရာဖြစ်သည်။ စကားပြေနှင့်ဖြေဆိုထားပြီး လင်္ကာဖြင့်ပါ ထပ်ဖြည့်ထားလေသည်။ ထိုသို့ရေးသားရာ၌ ကြိုးကြားကြိုးကြားတွင် ကာရန်များကိုငဲ့၍ အချက်အလက်များကို ဖြည့်ကာ "ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ လုံးပြည့်ကယ်မူ၊ ပြုဘွယ်ငါးပါး၊ ဘုရားကိစ္စ၊ ဟူသမျှကို၊ တစ်စမကြွင်း၊ ပြီးစေလျှင်းမှ၊ ကဆုန်လ၌၊ မလ္လတိုင်းပြည်၊ ပြည်ကုသိနာ၊ လက်ယာဒွါရ၊ အပထွက်၍၊ နောက်အကွေ့ဝယ်၊ ပျော်မွေ့စံရာ၊ မင်းမလ္လာတို့၊ ရိပ်သာပြန့်ပြော၊ အင်ကြင်းတော၌၊ ရမိုက်ငါးဖြာ၊ ခန္ဓာဟူသည်၊ သွားစည်အလေ့၊ ညစ်ကြေးမလိမ်း၊ ကင်းကွာငြိမ်း၏"ဟုဖွဲ့ဆိုထားသည်။

အဋ္ဌမမြောက်တွေ့ရသော ဝါဆိုစဉ်စာအလင်္ကာမှာ မြန်မာ့စာပေသမိုင်းရေးတွင် "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်း သုည၊ သုဉ်းသုံးဝဖြင့် သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်-ကောင်း၏..."ဟူသော စာအလင်္ကာကို ကင်းဝန်မင်းကြီးသို့ရေးပို့ခဲ့သော ဆီးဘန်းနီဆရာတော်ဖြစ်လေသည်။ သူ၏ကဝိမဏ္ဍနမေဒနီကျမ်းအဖွင့်တွင် ဝန္ဒနာဂါထာဖြင့် ရေးဖွဲ့ထားလေသည်။ ဂါထာပါဒ်နိဿယ အရေးဖြစ်ပေသည်။ နှစ်ဆယ့်သုံး(၂၃) ဂါထာရှိပေသည်။ နိဿယစာပိုဒ်တိုင်းတွင် အောက်ခြေမှတ်ချက်ပေး၍ဂါထာအမျိုးအစားနှင့်ရှေးဆရာတော်ကြီးများ၏အဆိုအမိန့်များကိုပါ ရည်ညွှန်းထားလေသည်။

နဝမမြောက်တွေ့ရသော ဝါဆိုစဉ်စာမှာ ကဗျာ့ကဝိကဗျာ့ဝိဒူ၊ မကာရလောပအကျော် မန်လည်ဆရာတော်ဘုရား(၁၂၀၃-၁၂၈၂)၏မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၏ နိဂုံးပိုင်းပိုဒ်ရေ ၅၇၃ တွင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဆရာတော်၏ထိုဝါဆိုစဉ်အကြောင်းအရာအချက်အလက် ချိတ်ဆက်မှု ဂုဏ်ရသ၊ အလင်္ကာများကိုညွှန်းဆိုနိုင်ခြင်းငှာ မစွမ်းသာပါ။ ရွှေဖလားကို အနားမကွပ်ဝံ့ဟုလည်းဆိုချင်ပါ၏။ ဤမျှအထိကောင်းလွန်းလှသည်။

ဘုရားရှိခိုးမဟုတ်၍ ရှိခိုးပါ၏ဟူသော အသုံးလည်းမပါ။ ဆုတောင်းခြင်းလည်းမပါပေ။ သာသနာ့သမိုင်းစဉ်နိဒါန်းအနေနှင့် (သာသနာ့သန္တိကေနိဒါန်း) အနေနှင့်ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဒသမမြောက်တွေ့ရသော စာပေမှာ ဘိုကလေးဦးသက်ရှည်(၁၂၃၇-၁၃၁၆)ဖြစ်သည်။ ဘိုကလေးဦးသက်ရှည်သည် လန်ဒန်အတ်၊ မဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ လန်ဒန်အတ်ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ကိုယ်တိုင်သွား၍ ဗုဒ္ဓဝါဆိုတော်မူရာ၊ နေရာဌာနအသီးသီးသို့သွားရောက်ပြီး နေရာတော်အလိုက် ဥပမာ- ဒုတိယ၊ တတိယ၊ စတုတ္ထမြောက်ဝါတို့ကို ဝေဠုဝန်ကျောင်းတော်( ၁၃ ဝါ၊ ၁၈ ဝါ၊ ၁၉ ဝါ)မြောက်တို့ကို ဇာလီယတောင်၊ ကောသမ္ဗီ၊ သိဃ်ံသုနဂိုရ်၊ မကုလတောင်၊ ပလလဲတော၊ နိဂြောဓာရုံ စသည့်ဝါဆိုရာနေရာတော်များကိုရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသို့ရေးသောအခါမှာ လေးချိုး၊ တေးထပ်၊ ဧကပိုဒ်ရတု စသည်ဖြင့် ရေးသားထားလေသည်။ ထိုသို့ရေးသည့်အပြင် ရုပ်ရှင်လည်းရိုက်ခဲ့ကြောင်း ရုပ်ရှင်မှာ "ဝါတော်စဉ်"အမည်ဖြင့် ပြသခဲ့ကြောင်းသိရှိရသည်။

အမည်မသိစာဆိုရေးစပ်သည့် ဘုရားကိုးဆူ ဆွမ်းတော်ကပ်ဝါဆိုစဉ် ဘုရားရှိခိုးအမွှန်းကိုလည်း တွေ့ရသည်။ ဘုရားကိုးဆူဆွမ်းကပ်ဆို၍ ကုန်းဘောင်ခေတ်ဦးကပင်ရှိခဲ့ရာ၏ဟု သုံးသပ်နိုင်သည်။ အလောင်းဘုရား ဦးအောင်ဇေယျယိုးဒယားကိုအောင်နိုင်ပြီး ယိုးဒယားယဉ်ကျေးမှုများနှင့်ဆက်စပ်လာရာ ဘုရားကိုးဆူဆွမ်းကပ်ယဉ်ကျေးမှုဖြစ်ပေါ်လာသည်။

ကုန်းဘောင်ခေတ်နှောင်းနှင့် ဗြိတိသျှခေတ်ဖြတ်သန်းခဲ့သော ဝက်မစွတ်မြို့စား၏နေ့စဉ်မှတ်တမ်းတွင် ဘုရားကိုးဆူပွဲကျင်းပသည့်အိမ်များသို့ မကြာခဏသွားရောက်ရကြောင်းကို တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မြန်ပြည်အနှံ့တွင် ဘုရားကိုးဆူ ဆွမ်းကပ်ရှိခဲ့ပေသည်။ ရှေးရုပ်ရှင်(အဖြူအမည်းရုပ်ရှင်) များတွင်လည်း ဘုရားကိုးဆူဆွမ်းကပ်မကြာခဏပါသည်ကို တွေ့ရသည်။ ထိုဘုရားကိုးဆူဆွမ်းကပ်တွင် ဘာသာရေးဆိုင်ရာဘုရားရှိခိုး အမွှန်းအမျိုးမျိုးရှိပေသည်။ ထိုအထဲတွင် ဤဝါဆိုစဉ်ဘုရားရှိခိုးအမွှန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဘုရားကိုးဆူဆွမ်းကပ်စာတမ်းကို ကျီးသဲလေးထပ်ဆရာတော်က စတင်ရေးသားခဲ့သည်ကို တွေ့ရပေသည်။ နောင်သော် ဦးစိန်ဖေ၏ ဘုရားကိုးဆူ ပူဇော်နည်းစာအုပ်မှာ ထင်ရှားပေသည်။ ရှေ့သမ္မဒဉ် ဘုရားကိုးဆူဆရာကြီးများဖြစ်ကြသော ဣန္ဒာသယဆရာလှ၊ ဓမ္မစရိယဆရာခင်၊ ဆရာအောင်၊ မဏ္ဍလာသောင်း၊ ဣန္ဒိတံဆရာတင်၊ ဘိုကလေးဆရာလှ၊ ဆရာထွန်း တို့မှာထင်ရှားခဲ့ပေသည်။ ထိုဆရာတို့ထံမှ ရရှိသောစာမူဖြစ်သည်။

"...ညနေချမ်းအခါသာသည့်နတ်လမ်း၊ ဗောဓိပင်ရှိရာစခန်းသို့ ကြွတော်မူ၊ သောတ္ထိယ ငေင်လှူသည့် မြက်ရှစ်ဆုပ်ကိုကြဲကာဖြန့်၊ တစ်ဆယ့်လေးတောင်အပြန့်ကျယ်သော အပရာဇိတပလ္လင်ဗွေ၊ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက်၊ ဘုရားမဖြစ်က ငါမထဟု စတုရင်္ဂ ဝီရိယဖြင့်၊ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်း၊ ရှင်လန်းဖူးမြော်နတ်တို့၏အပူဇော်ကို ခံတော်မူလျက်..."

စသဖြင့် ဝါဆိုတော်နေရာများကို တစ်ဝါချင်း တစ်ဝါချင်း နေရာတော်အလိုက် အမွှန်းရေးထားလေသည်။

"...ရာဇဂြိုဟ်ပြည်သို့ တစ်ဖန်ရောက်၍မကြာ၊ အနာထပိဏ်သူဌေးကြီးအား ကျောင်းဆောက်ရန် ခွင့်ပေး၊ လေးဝါကျွတ်စအခါ၊ ဝေသာလီပြည်သို့ ကိုယ်တော်တိုင်ကြွ၊ ပဉ္စမဝါဆိုခါနီးတွင်၊ ဖခင်သုဒ္ဓေါဒနမင်းကြီးကား ပရိနိဗ္ဗာန်စံ၊ ပြန်၍သဂြိုဟ် ဘိက္ခုနီမအဖြစ်ကို မိထွေးတော်ဂေါတမီတောင်းပန်၊ အတန်အတန်မြစ်တား၊ ဂရုဓမ္မတရားရှစ်ပါးဖြင့် နောင်ဆုံးအခါခွင့်ပြု..."

စသဖြင့် ဗုဒ္ဓဝင်ဖြစ်တော်စဉ်အလိုက် ကွက်ကွက်ကွင်းကွင်းမြင်အောင်ရေးထားလေသည်။

ခေတ်ဟောင်းသီချင်းတွင် မကြည်အောင်သီဆိုသည့် ဗောဓိပင်နှင့်ရွှေပလ္လင်သီချင်းပါ စာသားများမှာ ဤဘုရားကိုးဆူအမွှန်းပါ စာအလင်္ကာများနည်းမှီ၍ ဆရာရွှေတိုင်ညွှန့်က တေးပြုထားသည်ကိုသိနိုင်ပေသည်။

ရှေးတေးရေးဆရာကြီးများ ဂီတာဦးစိမ်းမောင်၊ သဟာယဆရာတင်၊ လှည်းတန်းဦးလူကလေး စသည့်တေးသီချင်းစာသားများသည် ဤကဲ့သို့သော စာပေများမှ မြစ်ဖျားခံလာသည်ဟု အလျဉ်းသင့်၍ ဖော်ပြလိုက်ရသည်။ ခုနှစ်သက္ကရာဇ်စဉ်ကိုမူအတိအကျ မဆိုနိုင်ပေ။

အမည်မသိစာဆိုပင်လျှင် ရေးစပ်ထားသော ဝါဆိုစဉ်ဘုရားရှိခိုးတစ်ခုလည်းရှိပေသည်။ ဘုရားရှိခိုးဆိုသည်နှင့်အညီ

"...ဩကာသ ဩကာသ ဩကာသ သုံးလူ့ထွတ်တင်၊ မြက်ရှစ်ပင်သည်၊ ချစ်ရှင်ဓမ္မရာဇ်၊ ဘုရားဖြစ်၍၊ နှစ်လေးဆယ့်ငါး၊ လူ၊ နတ်များကို၊ တရားမြွက်ဖော်၊ ကျွတ်တမ်းခေါ်သည်၊ ဝါတော်အစ၊ ပထမကား၊ ဓမ္မစကြာ၊ ဟောမြွက်ရာသည်၊ မိဂဒါဝုန်၊ ရဂုံထူပြော၊ သာသည့်တောဝယ်..."

ဟု လေးဆယ်နှင့်ငါးဝါတို့ကာလပတ်လုံးကို ရေးဖွဲ့ပြီး

"...တစ်နေ့မပြတ်၊ သုံးလူ့နတ်ကို၊ လေးမြတ်ရှိသေ၊ ဂါရဝေဖြင့်၊ နေ့လည်းဦးတင်၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင် ဆောက်တည်၊ စိတ်ကြည်သန့်ရှင်း၊ ကိုယ်တွင်းမြဲအောင်၊ သွားတိုင်းဆောင်၍၊ နောင်နိဗ္ဗူတာ၊ ရောက်ချင်ပါသည်။ ။လိုရာဆန္ဒပြည့်စေသောဝ် မြတ်ရှင်စောဩကာသ ဩကာသ ဩကာသ။..."

ဟု နိဂုံးချုပ်ထားလေသည်။

ယခုတင်ပြမည့် အမည်မသိစာဆိုရေးစပ်သည့် ဝါဆိုစဉ်ပျို့မှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အမှတ်စဉ်(၆၂၄၆) (၁၃)ရွက် (၉)ကြောင်းပေမူတစ်ခုကို တွေ့ရသည်။ စာရေးကူးသူမှာ မောင်လူလှဟု တွေ့ရသည်။ သက္ကရာဇ်-၁၂၅၇၊ ခရစ်နှစ်-၁၈၉၅ တွင် ဖြစ်သည်။ စာဆိုအမည်နှင့်ရေးဖွဲ့သော နှစ်ကိုလည်းမသိရပေ။ ရေးကူးသောနှစ်ဝန်းကျင်မှာ ဒီးဒုတ်ဦးဘချို၊ ဦးဖိုးကျား၊ ဦးစိန်တင်(သိပ္ပံမောင်ဝ)မွေးဖွားသောနှစ်များတစ်ဝိုက်ဖြစ်သည်။ မန်လည်ဆရာတော်၊ ဘိုကလေးဦးသက်ရှည်တို့ထက် နောက်ကျသည်။

"... ဇေယျတု။ ။ အရဟံအစ၊ နဝဂုဏ်တော်၊ ထိန်ထိန်ကျော်သား၊ သုံးဘော်သခင်၊ မြတ်ချစ်ရှင်သည်၊ ဒီပင်္ကရာ၊ သုံးလူ့ချာ၏၊ ပါဒစက်ကွင်း၊ ခြေတော်ရင်း၌"

အစချီကာ တစ်ဝါချင်းတစ်ဝါချင်းကို ဗုဒ္ဓဝင်ဖြစ်တော်စဉ်ဖြင့်ရေးဖွဲ့ထားလေသည်။ အခြားတွေ့ရှိချက်တစ်ခုမှာတက္ကသိုလ်များ ဗဟိုစာကြည့်တိုက်-

ဝါဆိုစဉ်(၅၄၁၅)(တဗစ)၊ သကြဇ် ၁၀၀၂ ရာဥတုတခုလဆန်နှစ်ရက် တနင်္လာ နေစမ်ပေါ်တွင် ဝါဆိုဝ်စဉ် စာကိုဝ်ငင်မွှံစွာ ရေးကူး၍ ပြဋ္ဌ်စုမ်သဉ်ဩ၊ ဒိ၊ ပု။ အာ။**(မူရင်းသတ်ပုံအရေးအတိုင်း)**

ဤရေးကူးသော သက္ကရာဇ်စဉ်မှန်ပါက ဤဝါဆိုစဉ်ဝတ္ထုကြီးမှာ ရှင်သန်ကို၊ သဓမ္မာလင်္ကာရဆရာတော်၊ ဆီသည်ရွာသားဦးအောင်ကြီးတို့မတိုင်ခင်ရေးဖွဲ့ခဲ့သောဝါဆိုစဉ်ကြီးဖြစ်သည်။ ပေအင်္ဂါများဖြစ်ပေသည်။ ဝါတော်တစ်ဝါချင်းကိုအကြောင်းအရာပတ်ဝန်းကျင်အနေအထားဖြစ်စဉ်တို့နှင့်ရေးဖွဲ့ထားရာ အလွန်ထူးခြားသော ဝါဆိုစဉ်စာအလင်္ကာဖြစ်ပေသည်။

အထက်ဖော်ပြပါ တွင်းသင်းတိုက်ဝန် မဟာစည်သူစိန္တကျော်သူဦးဩတို့ မတိုင်ခင်က ရေးဖွဲ့ခဲ့ကြသည့်စာများရှိသည်ကို အထောက်အထားအရသိရပေသည်။ ထိုဝါဆိုစဉ်နှင့်ပတ်သက်၍ အကျယ်တဝင့်သုတေသနပြုရေးကူးမည်ဖြစ်သည်။

ရွှေတိဂုံပရဝဏ်အတွင်း ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ ၈၅ ဖွဲ့ရှိပေသည်။ ထိုအထဲတွင် မင်္ဂလာဗျူဟာ ပိဋကဗျူဟာအသင်းဆိုသည်ရှိပေသည်။ ပိဋကဗျူဟာအသင်းသည် (၂၄.၅.၂၀၂၅) တွင် နှစ် ၅၀ ရွှေရတုပြည့်ခဲ့သည်။ ထိုအသင်းသည် ပိဋကတ်တော်ဆိုင်ရာဗုဒ္ဓစာပေဆိုင်ရာများနှင့် ပတ်သက်၍ ရှားပါးသော တိမ်မြုပ်ပျောက်ကွယ်နေသော စာပေများကို ပုံနှိပ်ထုတ်ဝေသော အဖွဲ့အစည်းဖြစ်သည်။ ရှားပါးသောစာမူများ ဤကဲ့သို့သော စာပေမျိုးကို ပို့ပေးနိုင်ပါကြောင်း အကြောင်းကြားနိုင်ပါကြောင်း(ဖုန်း- ၀၉-၅၀၁၀၅၀၆၊ ၀၉-၅၁၈၈၇၅၄၊ ၀၉-၅၁၂၅၉၆၄)တင်ပြအပ်သည်။ စာရှုသူများ ဗုဒ္ဓဝါဆိုစဉ်နေရာတော်ကို အာရုံပြုကုသိုလ်ယူ၍ အိုးအိမ်နေရာမှသည် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံအထိငြိမ်းချမ်းမှုဖြစ်ပါစေကြောင်း ဆုတောင်းနိဂုံးကို ဒုတိယမောင်းထောင်သာသနာပိုင်၏ ဝါဆိုစဉ်ကျမ်းပြီးဆုတောင်းအတိုင်း တင်ပြနိဂုံးချုပ်အပ်ပါသည်။

"ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံကြောင့်။ ပရံ၊ လွန်မင်းစွာ။ အရိ၊ ယခုဖြစ်သော ရန်စစ်ကြီးသည်။ ဝတ၊ စင်စစ်။ ပေမံ၊ အချင်းချင်း ချစ်မြတ်နိုးကြသည်။ ဟုတွာ၊ ဖြစ်၍ သိဇ္ဈတု၊ မပင်မပန်း ငြိမ်းချမ်းသာယာမေတ္တာသက်ဝင်၍ အောင်မြင်ပြီးစီးစေသတည်း။ သုဒေဝေါ၊ သမ္မာဒေဝနတ်သည်။ ရက္ခတု၊ ရင်ဝယ်သားကဲ့သို့ သနားစုံမက် နှစ်သက်ကြည်စွာစောင့်ပါစေသတည်း။ ဥဒ၊ ထိုမြို့။ တော် ဇိနဝစနံ၊ ဤမြတ်ဘုရားသာသနာတော်သည်။ ဝဍ္ဎတု၊ စည်ပင်ပြန့်ပွားများစေသတည်း။

နိဋ္ဌိတံ၊ ဝါဿမာလိနီမည်သော ထောမနာ ဝန္ဒနာ အပြီးသို့ရောက်၏။ ။"

# တိုင်းစစ်ဌာနချုပ်များ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။



နေပြည်တော် ဇူလိုင် ၉

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များရှိ သတ်မှတ်နေရာများ၌ အသီးသီးပြုလုပ်ရာ သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြ၍ ဆရာတော်ကြီးများထံမှ အနုမောဒနာတရားများ နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ်ဆောက်လုပ်ပြီးစီး၍ ရေစက်သွန်းချလှူဒါန်းပွဲပြုလုပ်



တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ် ဆောက်လုပ်ပြီးစီး၍ ရေစက်သွန်းချလှူဒါန်းပွဲကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ စစ်မှုထမ်းဟောင်း အိမ်ရာရှိ ဓမ္မာရုံသစ်ဆောက်လုပ်ပြီးစီး၍ ရေစက်သွန်းချလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဓမ္မာရုံ၌ပြုလုပ်ရာ အေးသာယာမြို့၊ ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏဝရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ချမ်းမြေ့ရိပ်သာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များနာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ချမ်းမြေ့ရိပ်သာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားများနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ မျက်စိဝေဒနာရှင် ၁၆၀၀၀ ကျော်အား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ခဲ့

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိသီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၏ သီတဂူစက္ခုဒါနအဆင့်မြင့်ဆေးရုံကြီးတွင် သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား (အခမဲ့)ကုသပေးလျက်ရှိရာ (၁၃)ကြိမ်မြောက်အပြီး၌ မျက်စိလူနာ ၁၆၀၀၀ ကျော်အား စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ မျက်စိအခမဲ့ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်မှ ၁၀ ရက်ထိ ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ယင်းပထမအကြိမ်တွင် ၁၂၅၄ ဦး၊ ဇွန်လ ၁၂ ရက်မှ ၁၈ ရက်အထိ ဒုတိယအကြိမ်တွင် ၁၄၀၅ ဦး၊ နိုဝင်ဘာလ ၇ ရက်မှ ၁၂ ရက်အထိ တတိယအကြိမ်တွင် ၁၅၀၃ ဦး၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်မှ ၉ ရက်အထိ စတုတ္ထအကြိမ်တွင် ၁၉၆၂ ဦး၊ ဧပြီလ ၁ ရက်မှ ၅ ရက်အထိ ပဉ္စမအကြိမ်တွင် ၃၄၀ ဦး၊ မေလ ၃၁ ရက်မှ ဇွန်လ ၆ ရက်အထိ ဆဋ္ဌမအကြိမ်တွင် ၁၇၆၆ ဦး၊ ဩဂုတ်လ ၂၃ ရက်မှ ၂၆ ရက်ထိ သတ္တမအကြိမ်တွင် ၃၇၁ ဦး၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ အဋ္ဌမအကြိမ်တွင် ၂၂၅၈ ဦး၊ ဒီဇင်ဘာလ ၂၄ ရက်မှ ၃၁ ရက်အထိ နဝမအကြိမ်တွင် ၅၀၅ ဦးရှိသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၇ ရက်ထိ (၁၀)ကြိမ်မြောက်တွင် ၁၈၈၁ ဦး၊ မတ်လ ၂၅ ရက်မှ ၂၈ ရက်အထိ (၁၁)ကြိမ်မြောက်တွင် ၁၃၂၅ ဦး၊ မေလ ၂၃ ရက်မှ ၂၇ ရက်အထိ (၁၂)ကြိမ်မြောက်တွင် ၂၄၅ ဦးနှင့် ဇူလိုင်လ ၂ ရက်မှ ၈ ရက်ထိ (၁၃)ကြိမ်မြောက်အစီအစဉ်တွင် ၁၃၃၂ ဦးရှိခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ သီတဂူစက္ခုဒါနဆေးရုံကြီး(ရန်ကုန်)အနေဖြင့် ပထမအကြိမ်မှ (၁၃)ကြိမ်မြောက်အထိ မျက်စိအခမဲ့ကုသပေးလျက်ရှိရာ စုစုပေါင်းစမ်းသပ်စစ်ဆေးလူနာ ၁၆၁၄၇ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ ၄၉၄၉ ဦးအား ခွဲစိတ်ကုသပေး၍ ၃၁၄ ဦးအား လေဆာပစ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

## ၉-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**



မန္တလေးမြို့ရှိမဟာမြတ်မုနိဘုရားကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများ ရွှေသင်္ကန်းကပ်လှူပူဇော်နေမှုကို တွေ့ရစဉ်။



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံ့သာဆုတောင်းပြည့်စေတီတော်၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



မန္တလေးမြို့ရှိ မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရား၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးရှိ ရတနာ ဆင်ဖြူတော်ဆောင်၌ ဆင်ဖြူတော်များအား လာရောက် ကြည့်ရှုသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



**⊃ ရှေ့ဖုံးမှအဆက်**

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ စတုဒိသာအလှူများပေးလှူခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ပဲခူးမြို့ရှိ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ရန်ကုန်မြို့ရှိ ကျောက်တော်ကြီးဘုရား၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



နေပြည်တော်ရှိ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



နေပြည်တော်ရှိ မဟာသကျရံသီရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။




မန္တလေးမြို့ရှိ ဦးပိန်တံတား၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



မန္တလေးမြို့ရှိ ရတနာပုံဥယျာဉ်၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ပြင်ဦးလွင်မြို့ရှိအမျိုးသားကန်တော်ကြီးဥယျာဉ်၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## More than 3,000 acres of sunflower planted in Sagaing Township this year

SAGAING July 9

Local farmers have so far planted more than 3,000 acres of sunflower as monsoon crops in Sagaing Township of Sagaing Region this year, according to the statistics of Sagaing Township Agriculture Department.

Although local authorities earmarked cultivation of 12,366 acres of sunflower in the township in 2025-2026 cultivation season, local farmers have so far grown 3,210 acres of crops.

"This year, during the monsoon cropping season in Sagaing Township, more than 10,000 acres of sunflower crops are planned to be cultivated. As of today, over 3,000 acres have already been planted, and planting is still ongoing. Efforts are being made to ensure the full targeted acreage is planted. In order to reduce the import of palm oil from abroad, expansion of sunflower cultivation, which is an oil crop, is being promoted. Among the oil crops, sunflower yields more oil per acre compared to sesame and groundnut. Sunflowers are usually planted only in the winter season," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

In Sagaing Township, to promote the expansion of sunflower cultivation, township departmental officials are actively conducting educatio-nal training sessions to increase awareness and knowledge. These training sessions aim to enhance the capabilities of both the staff and the farmers who are going to cultivate sunflower.

This year in Sagaing Township, arrangements are also being made to support farmers with quality seeds, sell fertilizers such as urea at affordable prices, and distribute the resulting improved sunflower varieties through farmer-to-farmer exchange systems. **SK**





## Bogale Township ships soft-shelled crabs to Yangon

BOGALE July 9

"Up to 70,000 visses of soft-shelled crabs from Bogale Township, Ayeyawady Region, were transported to Yangon market," said Daw Thu Thu Win, a fishery products owner in Bogale Township.

Bogale Township shipped over 70,000 visses of soft-shelled crabs to the Yangon market.

"The Yangon market has bought more soft-shelled crabs than before. We have shipped 70,000 visses of soft-shelled crabs compared to last month. There has been a lot of sale to the Yangon market, but the soft-shelled crab market is currently stable. The soft-shelled crabs from this side are mainly shipped to the Yangon market," she said.

The price of soft-shelled crabs exported from Bogale Township ranges from Ks-17,500 to Ks-35,000 per viss. The regular trade in these crabs is making a profit for fishermen, sole traders, wholesale dealers, traders, and truck rental operators. **SK**

## Katha Township grows over 5,000 acres of rain-fed rice

KATHA July 9

More than 5,000 acres of rain-fed rice have been planted in Katha Township, Katha District, Sagaing Region during this year rain crops planting season, according to the statistics from the Department of Agriculture for Katha Township.

During the 2025-2026 rain crops planting season, 38,510 acres of rain-fed rice have been planted in Katha Township. The planting of rainfed rice has started in May this year, and 5,150 acres have been planted to date.

"This year, Katha Township has planned to plant more than 38,000 acres of rain-fed rice. More than 5,000 acres have been planted to date. We are working to ensure that the target acres are planted. We will provide the necessary technology and varieties for rain-fed rice planting. We will conduct field visits to help farmers plant rain-fed rice on time," said U Ko Lay, head of the Department of Agriculture for Katha Township.

This year, the relevant Township Department of Agriculture and local farmers are working together to ensure that rain-fed rice planting is carried out without any difficulties. **SMK**

## More than 1,000 acres of pigeon peas planted in Mingin Township this year

MINGIN July 9

Statistics of Mingin Township Agriculture Department of Sagaing Region stated that local farmers have planted more than 1,000 acres of pigeon peas in Mingin Township this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 2,268 acres of pigeon peas in Mingin Township. Cultivation began in June this year, and as of now, 1,002 acres of crop have already been planted.

Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture: said: "This monsoon season, over 2,000 acres of pigeon peas are targeted for cultivation in Mingin Township. So far, over 1,000 acres have been planted. Efforts are underway to meet the full targeted acreage, and measures are being taken to ensure a good yield. Pigeon peas are being cultivated both as a main crop and as an intercrop."

This year, the Mingin Township Department of Agriculture is also providing field-level technical assistance to farmers, focusing on the use of quality and pure seeds, proper planting methods, pest and disease prevention, and boosting per-acre yield.

To help reduce costs for farmers cultivating pigeon peas, the department is also promoting the use of a combined fertilizer technique involving urea as an alternative to foliar fertilizer. This method helps lower cultivation costs, protects crops from pests, and supports healthy crop growth. **SMK**

# More than 5,000 acres of vegetables planted in Yinmabin District

YINMABIN July 9

According to Yinmabin District Agriculture Department of Sagaing Region, local farmers have planted more than 5,000 acres of vegetables as monsoon crops this year.

During the 2025-2026 monsoon crop season, a total of 19,698 acres of vegetables are planned to be cultivated in Yinmabin District. Since the start of this year's planting in May, a total of 5,355 acres have already been cultivated as of today. This includes 1,085 acres in Yinmabin Township, 2,990 acres in Kani Township, 525 acres in Salingyi Township, and 755 acres in Pale Township.

"This year, over 19,000 acres of vegetables are targeted for cultivation in Yinmabin District during the monsoon planting season. So far, over 5,000 acres have already been cultivated. Efforts are ongoing to meet the planned acreage," said Daw Myat Moe Win, head of the Yinmabin District Agriculture Department.

"The cultivated vegetables include roselle, chilli, aromatic herbs, cauliflower, Chinese cabbage, potatoes, okra, and eggplants. All vegetables are being cultivated using the GAP (Good Agricultural Practices) system, and farmers are being provided with the necessary technical support. Farmers are also being trained to grow crops with minimal chemical residues, ensuring alignment with health standards," she added.

According to the township-wise allocation for vegetable cultivation in Yinmabin District during the 2025–2026 monsoon season, Yinmabin Township earmarked 6,027 acres, Kani Township 6,550 acres, Salingyi Township 5,567 acres, and Pale Township 1,554 acres, totalling 19,698 acres.

This year, the respective Township Agriculture Departments are providing training on GAP cultivation methods, sharing techniques to ensure crops meet health and safety standards, and supporting farmers to expand their vegetable cultivation.

Each year, seasonal vegetables of various kinds are grown in Yinmabin District. These vegetable crops have proven successful and have contributed to increased family income. Additionally, township agriculture departments are educating farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

**SK**

# Katha Township completes cultivation of more than 60,000 acres of sugarcane this monsoon



KATHA July 9

Statistics of Katha Township Agriculture Department stated that local farmers have so far planted 61,364 acres of sugarcane as monsoon crops in Katha Township of Sagaing Region this monsoon.

During the 2025-2026 monsoon crop season, it is planned to cultivate a total of 62,493 acres of sugarcane in Katha Township. Starting from June this year, planting has already begun, and a total of 61,364 acres have so far been planted successfully.

"The plan for this year's monsoon season in Katha Township is to grow sugarcane on 62,493 acres. So far, 61,364 acres have been planted. Efforts are being made to meet the full target acreage. Local farmers are cultivating sugarcane as usual," said U Ko Lay, Head of the Katha Township Agriculture Department.

In terms of sugarcane cultivation across Sagaing Region, planting is mainly done in Shwebo District, Kanbalu District, and Katha District, with Katha and Kanbalu Districts having the largest cultivation areas.

In Katha Township, the cost of sugarcane cultivation is estimated at between Ks-600,000 and Ks-700,000 per acre, with an average yield of 30 tons per acre.

In Sagaing Region, high-yield sugarcane varieties such as K-95/84, Nawaday-4, Formosa, and Sinshweli are commonly planted. Priority is given to both rain-fed and irrigated cultivation methods.

**SMK**

# Farmers plant more than 4,000 acres of pigeon peas in Kyaukmyaung Sub-Township

KYAUKMYAUNG July 9

Local farmers from Kyaukmyaung Sub-Township of Shwebo District in Sagaing Region have planted more than 4,000 acres of pigeon peas as monsoon crops this year, according to the Sub-Township Agriculture Department.



During the 2025-2026 monsoon crop season, it is planned to cultivate 5,850 acres of pigeon peas in the Kyaukmyaung Sub-township. Cultivation began in June this year, and as of today, 4,296 acres have already been planted.

"This year, more than 5,000 acres of pigeon peas are planned for cultivation in Kyaukmyaung Sub-township during the monsoon season. As of today, over 4,000 acres have been planted. Efforts are ongoing to meet the target acreage. Measures are also being taken to ensure good yields in pigeon pea cultivation. Farmers grow pigeon peas both as a sole crop and as an intercropped or relay crop," said Daw Khin Win, Head of the Kyaukmyaung Township Department of Agriculture.

This year, the Kyaukmyaung Township Department of Agriculture is providing support to farmers cultivating pigeon peas by offering field-level training on selecting high-quality, pure seeds, proper planting methods, pest prevention, and maximizing yield.

Furthermore, the department is disseminating techniques involving the use of mixed fertilizers to help reduce the cost of folio fertilizers for pigeon pea farmers.

**SK**

# Myinmu Township exceeds cultivation of summer paddy rather than the target

MYINMU July 9

Statistics of Sagaing District Agriculture Department stated that a total of 1,953 acres of summer paddy has been planted in Myinmu Township of Sagaing Region this year.

In the 2024-2025 summer crop cultivation season, Myinmu Township had a target of cultivating 1,950 acres of summer paddy. From January of this year until now, 1,953 acres have already been cultivated, exceeding the target.

The Department of Agriculture for Sagaing District reported that Myinmu Township had planned to cultivate 1,950 acres of summer paddy for this season, and as of now, all targeted acres—1,953 in total—have been fully cultivated. At present, 100 percent of the planned acreage has been planted.

Efforts have been made to support farmers by providing agricultural techniques, raising awareness on pest and disease prevention, minimizing crop losses, and ensuring timely harvest and proper storage of the harvested paddy under shelter.

According to the report, to help farmers in Myinmu Township increase yield per acre and achieve targeted production rates, actions have been taken including distribution of quality seeds, distribution of technical pamphlets, conducting farmer training sessions and educational discussions, and ensuring timely provision of necessary agricultural inputs. **SMK**

# World records third-warmest June, says EU climate service

BRUSSELS July 9

June 2025 was the world's third-warmest June on record, trailing only 2023 and 2024, said the EU-funded Copernicus Climate Change Service (C3S) on Wednesday.

The global average surface air temperature in June was 16.46 degrees Celsius, 0.47 degrees above the 1991-2020 average for the month and 1.3 degrees higher than the 1850-1900 pre-industrial level, C3S said in its monthly bulletin.

Europe's average temperature for the month was 18.46 degrees, making it the fifth-warmest June on record. Western Europe, however, experienced its warmest June ever, with temperatures averaging 20.49 degrees.

"June 2025 saw an exceptional heatwave impact large parts of Western Europe, with much of the region experiencing very strong heat stress," said Samantha Burgess, strategic lead for climate at the European Centre for Medium-Range Weather Forecasts.

She warned that heatwaves are likely to become "more frequent, more intense and impact more people across Europe" in a warming world.

Beyond Europe, above-average temperatures for June were observed across the United States, northern Canada, central and eastern Asia and West Antarctica.

June's global average sea surface temperature (SST) over latitudes from 60 degrees north to 60 degrees south was 20.72 degrees, the third-highest for the month.

An "exceptional" marine heatwave developed in the western Mediterranean, where daily SSTs peaked at 27 degrees, the highest ever recorded in the region for June, marking the largest daily SST anomaly globally for any month, C3S noted.

"The long-term trend of rising ocean temperatures is evident globally," said Julien Nicolas, senior scientist at C3S. He noted that higher SST poses a rising threat to marine ecosystems and biodiversity as oceans absorb around 90 percent of the excess heat caused by human-induced climate change.

Nicolas urged faster action to cut greenhouse gas emissions and to improve climate resilience.

"Reducing emissions and adapting our cities and communities to a world with more extreme weather is critical," he said.

**Xinhua**

# Death toll rises to 12 in Bali Strait ferry tragedy



JAKARTA July 9

The death toll from the passenger ship that capsized in Indonesia's Bali Strait last Wednesday has risen to 12, as search operations continue for 23 missing persons, officials said on Wednesday.

Ribut Eko Suyanto, deputy for search and rescue operations at the National Search and Rescue Agency, reported that two bodies were discovered on Wednesday morning by fishermen along the coast of Bali Island. This brings the total number of confirmed fatalities to 12, while 30 others were saved.

Search efforts resumed on Wednesday, covering the air, sea surface, and underwater areas. A remotely operated vehicle from the National Transportation Safety Committee (KNKT) has been deployed for underwater detection, according to KNKT head Soejanto Tjahjono.

The wooden vessel, carrying 53 passengers and 12 crew members, was traveling from Ketapang Seaport in Banyuwangi, East Java, to Gilimanuk Seaport in Jembrana Regency, Bali, when it sank last Wednesday. **Xinhua**

# Texas flooding is "act of God," says White House press secretary

WASHINGTON July 9

The White House rejected criticism that the Trump administration's recent staffing cuts to the National Weather Service (NWS) contributed to the deadly floods in Texas, calling it "a depraved lie."

"This was an act of God. It is not the administration's fault that the flood hit when it did," White House press secretary Karoline Leavitt said on Monday, noting that the NWS "did its job" by sending "early and consistent warnings."

"Unfortunately, in the wake of this once-in-a-generation natural disaster, we have seen many falsehoods pushed by Democrats such as Senator Chuck Schumer and some members of the media," Leavitt said. "Blaming President Trump for these floods is a depraved lie, and it serves no purpose during this time of national mourning."

Schumer, the Senate Democratic Leader, on Monday called for an investigation into whether "staffing shortages at key local NWS stations contributed to the catastrophic loss of life and property during the deadly flooding."

Over 500 workers were reportedly cut by the Trump administration or left on their own, leaving NWS short-staffed. According to its website, six of 27 positions are listed as vacant at the NWS office for



Austin/San Antonio, which covers the region that includes hard-hit Kerr County, including a key manager responsible for issuing warnings and coordinating with local emergency management officials.

Officials said at least 110 people have died in the flash flooding, with over 170 still missing.

**Xinhua**

# Israel attacks over 100 military targets in Gaza in 24 hours

JERUSALEM July 9

The Israel Defence Forces (IDF) on Wednesday said it had struck more than 100 military targets throughout the Gaza Strip in 24 hours, including weapons storage facilities and underground tunnels.

"Over the past day, in cooperation with ground troops, the IAF [Israeli air force] struck over 100 terror targets throughout the Gaza Strip, including terrorists, bobby-trapped structures, weapons storage facilities, anti-tank missile launch posts, underground tunnels, as well as additional terrorist infrastructure sites," the IDF said in a statement.

In the north of the enclave, Israeli troops located and dismantled a cache of explosive devices and landmines hidden in a civilian structure, the statement said. They also eliminated a group of Palestinian fighters, dismantled their military structures and attacked a Hamas weapons facility. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# IEA: Why EVs Are Catalysing Oil Demand Downfall

The latest IEA outlook suggests EVs, renewables and shifting global trade are reshaping oil markets as supply climbs and demand drops through 2030.

The global oil market may be standing on the edge of a tipping point. According to the International Energy Agency’s (IEA) Oil 2025 outlook, the world is entering an era where oil supply will consistently outpace demand – and the rise of electric vehicles (EVs) is a major reason why.

While geopolitical risks like the Israel-Iran conflict dominate headlines, the long-term story is unfolding more quietly on highways and in power grids: fewer cars are filling up, more are plugging in.

“Thanks to the shale revolution, the United States has accounted for 90 percent of oil supply growth worldwide, while 60 percent of the rise in global demand has come from China. But these dynamics are shifting,” says Dr Fatih Birol, Executive Director of the IEA.

And shift they have. Although global oil demand is still projected to grow by 2.5 million barrels per day (mb/d) by 2030, that growth is both slowing and front-loaded. After 2026, demand stagnates. By 2030, it's expected to decline – an astonishing prospect for a commodity that has dominated energy markets for a century.

**EVs in the fast lane**

Leading the demand slowdown is the electric vehicle revolution. Sales of EVs are projected to top 20 million in 2025, and by 2030 they’re expected to displace 5.4 mb/d of oil demand.


In other words: EVs are eating into oil’s dominance.

This isn't just a climate win – it’s a supply chain upheaval.

Countries like Saudi Arabia, long reliant on oil-fired power, are transitioning to natural gas and renewables. And across the globe, traditional transport fuels are beginning to lose their grip.

It’s a bold transformation, driven as much by economics as policy. Battery costs are falling, vehicle range is rising and government incentives are making the switch irresistible to consumers and automakers alike.






**Petrochemicals take the wheel**

Yet oil isn't vanishing – it’s changing lanes. As cars and power plants consume less, petrochemicals are stepping in.

By 2030, one in every six barrels of oil is expected to feed this sector, producing plastics and synthetic fibres rather than gasoline and diesel.

To meet that demand, production of natural gas liquids (NGLs) is climbing, especially in China and the US.

It’s a reshuffling of the oil economy, with lighter, more versatile fuels moving to the forefront.

**A world awash in oil – but not without risks**

Despite decreasing demand, oil supply continues to grow – up more than 5 mb/d to 114.7 mb/d by 2030.

The biggest contributions are coming from the Americas and the Middle East, with OPEC+ countries like Saudi Arabia and Iraq ramping up NGLs and condensates.

That’s great for petrochemicals, but it puts traditional refining under pressure. Net refining capacity is expected to overshoot demand, especially in high-cost regions like Europe.

There, carbon prices under the EU Emissions Trading System are squeezing profits, pushing refiners to bet on green hydrogen and efficiency upgrades – or face closure.

The shipping industry is feeling the squeeze too. With maritime transport now subject to EU carbon rules, freight costs are rising and petroleum-based marine fuels are falling out of favour.

**EVs are the game-changer**

Ultimately, the EV boom is a defining force in this shift. What began as a fringe technology is now a global disruptor. From urban centres to rural roads, EVs are reducing oil’s dominance with every passing mile.

The IEA concludes that the future is not just about having oil—it's about having options.

“Flexibility, diversification and investment in low-carbon technologies will be central to navigating the years ahead,” the report says.

In a world where Teslas, BYDs and Polestars increasingly outnumber petrol cars, oil’s reign may not end abruptly – but it will look very different by 2030.

**EV Meg**

# MILITARY

## RTX နဲ့ Shield AI တို့ပူးပေါင်းမှုမှထွက်လာမယ့် အလိုအလျောက်စနစ်သုံး စစ်လက်နက်နည်းပညာ

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားအခြေစိုက် ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ RTX က အသေခံလက်နက်များကိုအဆင့်မြှင့်တင်မှုများလုပ်ဆောင်နေပါတယ်။ အဲဒီလိုအဆင့်မြှင့်တင်မှုမှာ အသေခံလက်နက်များအနေနဲ့ ပစ်မှတ်မျိုးစုံကိုချေမှုန်းနိုင်ဖို့အတွက် အလိုအလျောက်စနစ်အသုံးပြုမှုလည်းပါဝင်ပါတယ်။

ဒီအတွက် RTX က Shield AI နဲ့ လက်တွဲလာတာဖြစ်ပါတယ်။ အထူးသဖြင့် Shield AI ရဲ့ Hivemind ကိုအသုံးပြုထားတာပါ။ Hivemind ဆိုတာက AI စွမ်းရည်သုံးစနစ်တစ်ခုဖြစ်ပြီး အသေခံလက်နက်များရဲ့ မောင်းသူမဲ့စွမ်းဆောင်ရည်ကို တိုးမြှင့်စေပါတယ်။

ပူးပေါင်းလေကြောင်းရန်ကာကွယ်ရေးကိုချိုးဖောက်ဝင်ရောက်မှု၊ SCUD ဒုံးကျည်ကိုရှာဖွေချေမှုန်းမှု၊ သတ်မှတ်နယ်မြေထဲကင်းထောက်မှု၊ လေကြောင်းရန်တုံ့ပြန်မှု၊ မိုးကုပ်စက်ဝိုင်းအလွန်တိုက်ခိုက်မှု အစရှိတဲ့ များပြားလှစွာသောစစ်ဆင်ရေးများကို ဆင်နွှဲနိုင်စေဖို့အတွက် ဒီစနစ်ကိုလေ့ကျင့်သင်ကြားပေးနိုင်ပါတယ်။

ဒါ့အပြင် အခုလိုမျိုး RTX နဲ့ Shield AI တို့ရဲ့ပူးပေါင်းမှုက အလိုအလျောက်စနစ်အသုံးပြု စစ်လက်နက်နည်းပညာကို တစ်ခေတ်ဆန်းသစ်လာစေမှာပါ။ Shield AI က သူတို့ရဲ့ Hivemind စွမ်းဆောင်ရည်တချို့ကို မကြာသေးခင်ကထုတ်ဖော်ပြသထားရာ တခြားသောလက်နက်စနစ်များကိုလည်း အလိုအလျောက်ထိန်းချုပ်နိုင်စွမ်းရှိတာတွေ့ရပါတယ်။

Ref: IE

ကိုထက်



## ယာဉ်တင်အမြောက် ၂၁၄ လက်နဲ့ အမြောက်တပ်ဖွဲ့ကို အဆင့်မြှင့်တင်မယ့် စပိန်

စပိန်တပ်မတော်က သူတို့ရဲ့အမြောက်တပ်ဖွဲ့ကိုအဆင့်မြှင့်တင်ဖို့အတွက် ယာဉ်တင်အမြောက် ၂၁၄ လက်ကိုဝယ်ယူဖို့ စီစဉ်နေတယ်လို့ဆိုပါတယ်။ အမြောက် ၂၁၄ လက်မှာ ၈၆ လက်က ဘီးတပ်ယာဉ်တင်အမြောက်များဖြစ်ပြီး ချိန်းကြိုးတပ်ယာဉ်တင်အမြောက်က ၁၂၈ လက်ဖြစ်ပါတယ်။

ဒီလိုမျိုး အမြောက်တပ်ဖွဲ့ကိုအဆင့်မြှင့်တင်ဖို့အတွက် ယူရို ၃ ဘီလီယံကိုအသုံးပြုသွားမှာပါ။ စပိန်ကြည်းတပ်နဲ့ မရိန်းတပ်ဖွဲ့တို့အတွက်ရည်မှန်းထားတဲ့ အဲဒီအမြောက်တွေက သက်တမ်းရင့်နေပြီဖြစ်တဲ့ M109A5E အမျိုးအစားဟောင်ဝစ်ဇာများနေရာမှာ အစားထိုးသွားမယ်လို့ဆိုပါတယ်။

စပိန်ကြည်းတပ်က သူတို့အနေနဲ့ တာဝေးသွယ်ဝိုက်ပစ်ကူစွမ်းအားကို အဆင့်မြှင့်တင်ဖို့လိုအပ်နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အခုလိုမျိုးအဆင့်မြှင့်တင်မှုတွေကိုလုပ်ဆောင်တာပါ။ ဒီစနစ်တွေမှာအသုံးပြုသွားမယ့်ခဲယမ်းတွေက ပဲ့ထိန်းစနစ်ပါတဲ့အမြောက်ဆန်တွေဖြစ်ပြီး ရောက်ရှိနိုင်တဲ့အကွာအဝေးက ကီလိုမီတာ ၄၀ ကို ကျော်လွန်စေမယ်လို့ဆိုပါတယ်။ Ref: AR

ကိုထက်



# HEALTH

## အသက်ကြီးလာသူတွေမှာ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးမယ့် MIND စားသောက်မှုပုံစံ



အသက်အရွယ်ကြီးလာတဲ့နောက်ပိုင်းမှာစားသောက်မှုပုံစံကို အဆင့်မြှင့်တင်ခြင်းအားဖြင့် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်စေမယ်လို့ ဟားဗတ်တက္ကသိုလ် ကင်ဆာစင်တာမှသုတေသီများရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အထူးသဖြင့် MIND လို့အမည်ပေးထားတဲ့ စားသောက်မှုပုံစံအတိုင်းလိုက်နာစားသောက်ခြင်းက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်တာပါ။ MIND ဆိုတာ Mediterranean–DASH Interve–ntion for Neurodegenerative Delay လို့ခေါ်တဲ့ စားသောက်မှုပုံစံဖြစ်ပါတယ်။


အဲဒီစားသောက်မှုပုံစံက အစိမ်းရောင်အရွက်တွေ၊ ဘယ်ရီသီးတွေ၊ အခွံမာသီးတွေနဲ့ သံလွင်ဆီတို့လိုမျိုး ဦးနှောက်ကျန်းမာရေးအပေါ် အထောက်အကူပြုတဲ့ အစားအစာတွေကို အဓိကဦးစားပေးစားသုံးရတာပါ။

သုတေသနပညာရှင်များက သက်ကြီးရွယ်အို ၉၃၀၀၀ နီးပါးကိုလေ့လာမှုများလုပ်ပြီးနောက်မှ သူတို့ရဲ့တွေ့ရှိချက်ကို အခုလိုထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဒီလိုစားသောက်မှုပုံစံကိုတော့ သက်လတ်ပိုင်းမှစတင်လို့ သက်ကြီးပိုင်းတွေမှာပါစားသုံးပေးဖို့ ပညာရှင်များကအကြံပြုထားတာတွေ့ရပါတယ်။

Ref: SD

ကိုထက်

## ကင်ဆာတိုက်ဖျက်ရေးသမားဖြစ်တဲ့ အမေ့လျှော့ခံကလာပ်စည်းများ



ခန္ဓာကိုယ်ရဲ့ ပကတိကိုယ်ခံအားစနစ်ကိုအသုံးပြုပြီး ကင်ဆာရောဂါများတိုက်ဖျက်ရေးလုပ်ငန်းဟာ တော်တော်လေးကိုအဆင့်မြင့်မားလာပါပြီ။ ဒီကုထုံးကိုတော့ ကိုယ်ခံအားကုထုံးလို့ခေါ်ပါတယ်။

မကြာသေးမီကပေါ်ထွက်လာတဲ့ အဲဒီကုထုံးက CD8 T ဆိုတဲ့ ကင်ဆာချေမှုန်းရေးကလာပ်စည်းများကို အဓိကပစ်မှတ်ထားတာပါ။ ဒါပေမဲ့ သုတေသနပညာရှင်များက ကိုယ်ခံအားကုထုံးအတွက် တခြားကလာပ်စည်းတစ်မျိုးကို ရှာဖွေတွေ့ရှိထားပါတယ်။ အဲဒါကတော့ CD4 T ကလာပ်စည်းပါ။ အရင်တုန်းက သူ့ကိုတခြားကလာပ်စည်းတွေကိုသာ အထောက်အပံ့ပေးတဲ့ကလာပ်စည်းအဖြစ်သာသိရှိပြီး ကင်ဆာတိုက်ဖျက်ရေးမှာ အမေ့လျှော့ခံဖြစ်ပါတယ်။ အခုတော့ ဒီကလာပ်စည်းတွေက ကင်ဆာကိုကောင်းစွာတိုက်ထုတ်နိုင်စွမ်းရှိတာကိုတွေ့လိုက်ရပါတယ်။ Ref: SD

ကိုထက်

## ချောင်းဆိုးပျောက်ဆေးတစ်မျိုးက ဦးနှောက်ပျက်စီးမှုကိုနှေးကွေးစေနိုင်



ဆယ်စုနှစ်များစွာကြာ အသုံးပြုလာတဲ့ ချောင်းဆိုးပျောက်ဆေးတစ်မျိုးက စိတ်ဖောက်ပြန်မှုဖြစ်စေတဲ့ ဦးနှောက်ပျက်စီးမှုကို ကာကွယ်ပေးနိုင်စွမ်းရှိတာကိုတွေ့ရတယ်လို့ သုတေသနပညာရှင်များကဆိုပါတယ်။ အဲဒီဆေးကတော့ Ambroxol ဖြစ်ပါတယ်။

သုတေသီများက စိတ်ဖောက်ပြန်မှုဖြစ်နေတဲ့သူတွေကို Ambroxol ဆိုတဲ့ဆေးတိုက်ကျွေးခဲ့ပါတယ်။ ပြီးတဲ့အခါ ဆေးရဲ့အာနိသင်က ဦးနှောက်အထိရောက်ရှိပြီး ဦးနှောက်အတွင်းရှိ ကလာပ်စည်းပျက်စီးမှုလက္ခဏာတွေလျော့ကျသွားစေတာကို ပညာရှင်များက တွေ့ရှိလိုက်ရတာဖြစ်ပါတယ်။ ဒါ့အပြင် မှတ်ဉာဏ်စွမ်းရည်ဆိုးဝါးသွားတာမျိုးမရှိဘဲ တည်ငြိမ်လာတာကို တွေ့ရတယ်လို့ ဗြိတိန်သုတေသီများက ပြောပါတယ်။

Ref: SD

ကိုထက်

# ဥရောပတစ်ဝန်း၌ အပူလှိုင်းဖြစ်ပေါ်မှုကြောင့် လူဦးရေ ၂၃၀၀ ဝန်းကျင်သေဆုံးဖွယ်ရှိဟု စစ်တမ်းတစ်ခုတွင်ဖော်ပြ



**ကိုပင်ဟေဂင်၊ ရာသီဥတု**

ဥရောပဒေသတစ်ဝန်း၌ ဖြစ်ပေါ်သော အပူလှိုင်းကြောင့် မြို့ပေါင်း ၁၂ မြို့မှ လူ ၂၃၀၀ ဝန်းကျင် သေဆုံးဖွယ်ရှိကြောင်း ဇူလိုင်လ ၉ ရက်တွင်ထုတ်ပြန်သော သိပ္ပံနည်းကျလေ့လာမှုစစ်တမ်းတစ်ခု၌ဖော်ပြထားသည်။

ဇူလိုင်လ ၂ ရက်မတိုင်မီ ၁၀ ရက်တာကာလအတွင်း ဥရောပဒေသအနောက်ပိုင်း၌ အပူလှိုင်းဖြစ်ပေါ်မှုပြင်းထန်ခဲ့ရာ စပိန်နိုင်ငံ၌ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိပြီး ပြင်သစ်နိုင်ငံ၌တောမီးလောင်မှုများဖြစ်ပွားသည်။

ထိုကာလအတွင်း သေဆုံးဖွယ်ရှိသူ လူဦးရေ ၂၃၀၀ အနက် ၁၅၀၀ မှာ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်နေကြောင်း အင်ပီရီယယ်ကောလိပ်လန်ဒန်နှင့် လန်ဒန်တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အပူပိုင်းဆေးပညာကျောင်းမှ သိပ္ပံပညာရှင်များ၏ လေ့လာမှုစစ်တမ်းတွင်ဖော်ပြထားသည်။

ယခုကဲ့သို့ ပြင်းထန်သောအပူလှိုင်းဖြစ်ပေါ်မှုသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း၊ အပူလှိုင်း၏အပူချိန်မှာပုံမှန်ထက် ၄ ဒီဂရီစင်တီဂရိတ်တိုးမြင့်ဖြစ်ပေါ်ကြောင်း၊ အချို့သောသေဆုံးမှုများကို သက်ဆိုင်ရာအစိုးရများက တရားဝင်ထုတ်ပြန်ခြင်းမရှိသောကြောင့် ပညာရှင်များက ဖြစ်နိုင်သည့်အခြေအနေများကို ထည့်သွင်းတွက်ချက်ကာ ထုတ်ပြန်ခြင်းဖြစ်ကြောင်း စစ်တမ်း၌ဆက်လက်ဖော်ပြထားသည်။

ကမ္ဘာ့ရာသီဥတုသည် တစ်နှစ်ထက်တစ်နှစ်ပိုပူလာပြီး ပြီးခဲ့သည့်ဇွန်လသည် လွန်ခဲ့သောနှစ်နှစ်ထက် ပိုပူသောဇွန်လအဖြစ်သို့ရောက်ရှိခဲ့ကြောင်း မိုးလေဝသစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

**Ref: ST**

# တက္ကဆက်ပြည်နယ်ရေကြီးမှု သေဆုံးသူ ၁၁၀ ဦးအထိရှိလာ



**နယူးယောက်၊ သဘာဝဘေး**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ ဇူလိုင်လ ၄ ရက်တွင်ဖြစ်ပွားသော ရုတ်တရက်ရေကြီးမှုကြောင့် ဇူလိုင်လ ၈ ရက်အထိ သေဆုံးသူ ၁၁၀ ဦးအထိရှိလာပြီဖြစ်ကြောင်းနှင့်ပျောက်ဆုံးသူ ၁၆၀ ကျော်မှ ၁၈၀ ကြား ရှိနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

သေဆုံးသူများအနက် ၈၇ ဦးမှာ ကားနယ်မြေမှဖြစ်ကြောင်း၊ ဂွါဒါလုပ်မြစ်ကမ်းတစ်လျှောက်တွင်ရှိသော မစ္စတစ်စခန်းသို့ လာရောက်သူများနှင့် အကြံပေးပုဂ္ဂိုလ်များ စုစုပေါင်း ၂၇ ဦးမှာ ရေကြီးမှုအတွင်း သေဆုံးသွားပြီဖြစ်ကြောင်း၊ ရေကြီးမှုဖြစ်ပွားချိန်တွင် ကလေးငယ် ၇၅၀ ခန့်ရှိကြောင်း တာဝန်ရှိသူများက အတည်ပြုထုတ်ပြန်ထားသည်။

ဂွါဒါလုပ်မြစ်ကြောင်းတစ်လျှောက်တွင် ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးများလုပ်နေကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးသားချင်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများထံ သတင်းပေးနိုင်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အဘော့က ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး၏ တောင်းဆိုချက်အရ ကားနယ်မြေအတွက် ကြီးမားသောသဘာဝဘေးကြေညာချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်ထားကြောင်း သိရသည်။

**Ref: Xinhua**

# ရာဂျက်စသန်ပြည်နယ်၌ အမောင်းသင်လေယာဉ်တစ်စင်းပျက်ကျ

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ရာဂျက်စသန်ပြည်နယ်၌ ဇူလိုင်လ ၉ ရက်တွင် အိန္ဒိယလေတပ်(IAF)မှ အမောင်းသင်လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားကြောင်းနှင့် ထိုလေယာဉ်ကိုမောင်းနှင်နေသည့် လေယာဉ်မှူးနှစ်ဦးစလုံးသေဆုံးကြောင်း IAF က အတည်ပြုထုတ်ပြန်ထားသည်။

ထိုအမောင်းသင်လေယာဉ်သည် ပုံမှန်လေ့ကျင့်ပျံသန်းမှုလုပ်ဆောင်နေစဉ် ပျက်ကျခြင်းဖြစ်ကြောင်း၊ လေယာဉ်မှူးနှစ်ဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိပြီးသေဆုံးသွားခြင်းဖြစ်ကြောင်း၊ အရပ်ဘက်ဆိုင်ရာ ပျက်စီးမှုတစ်စုံတစ်ရာမရှိကြောင်း IAF က လူမှုကွန်ရက်တွင်ရေးသားဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အဖြစ်မှန်ကိုသိရှိနိုင်စေရေးအတွက် စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းထားကြောင်း IAF ၏ဖော်ပြချက်တွင်တွေ့ရသည်။

**Ref: Xinhua**

## သတင်းတိုကဏ္ဍ

### ဟားမက်နှင့် ယာယီအပစ်ရပ်သဘောတူညီချက်ရလျှင် အမြဲတမ်းအပစ်ရပ်ရေးဆွေးနွေးမည်ဟု အစ္စရေးပြော

အစ္စရေးအစိုးရအနေဖြင့် ဟားမက်အဖွဲ့နှင့်ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိလျှင် အမြဲတမ်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိနိုင်စေရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ဇူလိုင်လ ၉ ရက်တွင်ပြောသည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂစ်ဒီအွန်ဆာအားက ဆလိုဗက်ကီးယားနိုင်ငံခြားရေးဝန်ကြီး ဂျူရက်ဘလာနာနှင့် ဘရာတစ္စလာဗာမြို့၌တွေ့ဆုံဆွေးနွေးမှုအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံမှကိုယ်စားလှယ်အဖွဲ့က ဟားမက်အဖွဲ့နှင့် ရက်ပေါင်း ၆၀ အပစ်ရပ်ရေးသွယ်ဝိုက်ဆွေးနွေးမှုလုပ်ဆောင်ရန် ကာတာနိုင်ငံ ဒိုဟာမြို့၌ရှိနေဆဲဖြစ်ကြောင်း၊ ထိုသဘောတူညီချက်တွင် ဟားမက်အဖွဲ့က သက်ရှိထင်ရှားအစ္စရေးဓားစာခံ ၁၀ ဦးနှင့် သေဆုံးပြီးသူများ၏ ရုပ်အလောင်းများကို ပြန်ပေးရမည်ဟူသောအချက်လည်းပါဝင်ကြောင်း ဂစ်ဒီအွန်ဆာအားကပြောသည်။

**Ref: Xinhua**

### ယူကရိန်းအရေးက ကိုင်တွယ်ရန်ခက်ခဲသည်ဟု ဒေါ်နယ်ထရမ့်ပြော

ယူကရိန်းအရေးကိုဖြေရှင်းရေးသည် ယခင်မျှော်လင့်ထားသည်ထက်ပင် ပိုမိုခက်ခဲကြောင်းသိလိုက်ရပြီဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇူလိုင်လ ၈ ရက်တွင် သတင်းထောက်များကိုပြောသည်။ ဒေါ်နယ်ထရမ့်သည် ရုရှားနှင့်ယူကရိန်းတို့ကြားဖြစ်ပွားနေသည့် ပဋိပက္ခကို ၂၄ နာရီအတွင်း အဆုံးသတ်စေမည်ဟု ကြွေးကြော်ခဲ့သူဖြစ်သည်။

သတင်းထောက်များက အမေရိကန်အနေဖြင့် ယူကရိန်းသို့ စစ်လက်နက်များ ထောက်ပံ့ပေးမှုနှင့်ပတ်သက်၍ မေးမြန်းရာ ယူကရိန်းနိုင်ငံသည် အမေရိကန်၏ စစ်လက်နက်များကိုမရရှိပါက သုံးရက်၊ လေးရက်အတွင်းမှာပင် ရုရှားထံရှုံးနိမ့်သွားမည်ဖြစ်ကြောင်း ထရမ့်ကပြောသည်။

အမေရိကန်အစိုးရသည် အစောပိုင်းတွင် ယူကရိန်းသို့စစ်လက်နက်ပစ္စည်းများ ပေးပို့မှုကိုရပ်ဆိုင်းခဲ့သော်လည်း ယခုအခါ အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ အထိ တန်ဖိုးရှိသည့် စစ်လက်နက်ပစ္စည်းများကိုထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**Ref: RT**

### သီရိလင်္ကာနိုင်ငံရှိ အလယ်တန်းကျောင်းများအားလုံး ၂၀၂၆ ခုနှစ်တွင် အင်တာနက်အသုံးပြုခွင့်ရရှိမည်

သီရိလင်္ကာနိုင်ငံအတွင်းရှိအလယ်တန်းကျောင်းများအားလုံးသည် ၂၀၂၆ ခုနှစ်အကုန်တွင် အင်တာနက်အသုံးပြုခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟာရီနီအမရသူရိယက ဇူလိုင်လ ၉ ရက်တွင်ပြောသည်။

အစိုးရအနေဖြင့် တစ်လလျှင် အင်တာနက်အသုံးပြုခ ရူပီး ၅၀၀၀ သာကျသင့်မည့် စာသင်ကျောင်းများအတွက် ပမာဏအကန့်အသတ်မဲ့အင်တာနက်အစီအစဉ်ကို မကြာသေးမီကစတင်၍ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း အမရသူရိယကလွှတ်တော်တွင်ပြောသည်။

ထို့ပြင် အစိုးရသည် စာသင်ကျောင်းပေါင်း ၁၅၀၀ သို့ စမတ်သင်ပုန်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို တပ်ဆင်ပေးသွားရန် စီစဉ်ထားကြောင်း၊ ထိုကျောင်းများသည် စမတ်သင်ပုန်းအချပ်ရေ ၁၉၀၀ အထိရရှိမည်ဖြစ်ပြီး နောက်ထပ်စာသင်ကျောင်းပေါင်း ၁၀၀၀ အားအလားတူ စမတ်သင်ပုန်းများ ပေးအပ်သွားမည့်အစီအစဉ်ကိုလည်း အစိုးရအဖွဲ့က အတည်ပြုထားကြောင်း အမရသူရိယကပြောသည်။

**Ref: Xinhua**

### ဂူဂျာရတ်ပြည်နယ်၌ တံတားတစ်စင်းကျိုးကျ အနည်းဆုံးလူကိုးဦးသေဆုံး

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ဂူဂျာရတ်ပြည်နယ်၌ ဇူလိုင်လ ၉ ရက်တွင် တံတားတစ်စင်းကျိုးကျမှုဖြစ်ပွားရာ မော်တော်ကားများ တံတားအောက်သို့ပြုတ်ကျပြီး အနည်းဆုံးလူကိုးဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိထားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

နှစ်ပေါင်း ၄၀ သက်တမ်းရှိနေပြီဖြစ်သည့် ဂမ္ဘီရအမည်ရှိတံတား၏ လမ်းပိုင်းတစ်ခုသည် ဇူလိုင်လ ၉ ရက် နံနက်ပိုင်းတွင် ကျိုးကျခြင်းဖြစ်ကြောင်း၊ တံတားကျိုးကျမှုကြောင့် အာနန်နှင့် ဗာဒိုဒါရာမြို့ကြား ကူးသန်းသွားလာမှုပြတ်တောက်သွားကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါတံတားကျိုးကျမှုကြောင့် ကားများမြစ်ထဲသို့ထိုးကျသွားသည့်အတွက် သေဆုံးသူကိုးဦး၏ရုပ်အလောင်းများကို မြစ်အတွင်းမှ ဆယ်ယူရရှိပြီးဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံတင်ကာ ကုသမှုများဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

**Ref: Xinhua**

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သစ်ပင်သစ်တောများ စိုက်ပျိုးပြုစုထိန်းသိမ်းပေး







သစ်တောမောင်

**အပူပိုင်းဒေသ အဓိကပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ**

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာအာဟာရ လျော့နည်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းလာခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံရင်ဆိုင်ရလျက်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင်လည်း အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်း၊ မိုးခေါင်ခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်ကြရလျက်ရှိသည်။ အပူချိန်မြင့်မားလွန်းခြင်းကြောင့် သတိလစ်ခြင်းမှသည် အသက်သေဆုံးသည်အထိ အန္တရာယ်ကြီးသည်။ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ လေထုနှင့်မြေထုအပူချိန်မြင့်မားမှုဒဏ်ကြာရှည်စွာခံစားရခြင်း၊ အပူချိန်အတက်အကျလွန်ကဲခြင်း၊ မြေဆီလွှာရေငွေ့ပြန်မှုနှုန်းမြင့်မားခြင်း၊ စိုထိုင်းဆနိမ့်ခြင်း၊ မြေဆီခြောက်ခန်းခြင်းနှင့် မြေအရည်အသွေးအဆင့်အတန်းနိမ့်ကျခြင်း၊ ရေနှင့်လေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာတိုက်စားခြင်းစသည်တို့သည် အဓိကရင်ဆိုင်နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်သည်။

**မြေယာအတန်းအစား ကျဆင်းခြင်း**

မြေယာအတန်းအစား ကျဆင်းခြင်းဆိုသည်မှာ မြေဩဇာကောင်းမွန်သောမြေများမှ စိုက်ပျိုးရေးသီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရန် မဖြစ်ထွန်းနိုင်သောခြောက်သွေ့သောမြေများ၊ သစ်ပင်များပေါက်ရောက်နိုင်ရန် စိုက်ပျိုးနိုင်ရန် ခက်ခဲသောမြေများ၊ အောက်ခံကျောက်သားများသာ တွေ့မြင်ရနိုင်သည့် ကျောက်တောင်၊ ကျောက်ကုန်းများအဖြစ် ပြောင်းလဲသွားသည့် ဖြစ်စဉ်ကိုဆိုလိုသည်။ မြေယာအတန်းအစား ကျဆင်းပျက်စီးခြင်း၊ တစ်မဟုတ်ချင်း ပြောင်းလဲသွားခြင်းမဟုတ်ဘဲ သစ်ပင်သစ်တောများ ပျက်စီးပြုန်းတီးမှု၊ ဂေဟစနစ်များ ပျက်စီးမှုများမှတစ်ဆင့် အပင်များပေါက်ရောက်နိုင်မှုမရှိဘဲ တစ်စတစ်စလျော့နည်းပျောက်ကွယ်သွားသည့် ဖြစ်စဉ်ဖြစ်သည်။ နောက်ဆုံးတွင်သဲကန္တာရဖြစ်ပေါ်လာသည့် အန္တရာယ်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်များသည် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေနိုင်သည့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

သစ်တောသယံဇာတများကို စနစ်တကျစဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်း၊ သစ်တောပြုန်းတီးသောတောနိမ့်တောပျက်များတွင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ မြေအသုံးချမှုစနစ်တကျထိရောက်မှန်ကန်စွာဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျော့ချနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များအသုံးပြုခြင်း (Climate Smart Agriculture–CSA)စသည့် နည်းလမ်းများသည် အဆိုပါပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကိုဖြေရှင်းနိုင်သည့် သဘာဝအခြေခံသောနည်းလမ်းများ (Nature–based solutions)ဖြစ်သည်။

**မြေဆီလွှာထိန်းသိမ်းရေး**

စိုက်ပျိုးရေးသီးနှံများဖြစ်စေ၊ သစ်တောသစ်ပင်များဖြစ်စေ ရှင်သန်ကြီးထွားဖြစ်ထွန်းအောင်မြင်ရန် အဓိကအားဖြင့် **"မျိုး၊ မြေ၊ ရေ၊ နည်း"**ပြည့်စုံကောင်းမွန်ရန်လိုအပ်သည်။ အဆိုပါလေးမျိုးအနက် မြေဆီလွှာ**(Soil)**သည် အပင်များအသက်ရှင်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသော အပေါ်ယံမြေလွှာဖြစ်သည်။ ကြေကွဲပျက်စီးနေသော သတ္တုများ(Minerals)၊ ဆွေးမြည့်နေသည့် အော်ဂဲနစ်ပစ္စည်းများ၊ အလွှာအမျိုးမျိုးပါသော သဘာဝမြေသားကို မြေဆီလွှာဟုခေါ်ဆိုကြသည်။ ပြိုကွဲကျေပျက်ပြီးသော တွင်းထွက်သတ္တုများနှင့်ဆွေးမြည့် သက်ရှိပစ္စည်းများ ရောနှောပါဝင်ဖွဲ့စည်းထားသောအရင်းအမြစ်လည်းဖြစ်သည်။ မြေဆီလွှာသည် အစားထိုးမရသော သဘာဝသယံဇာတဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြုသည့်ကမ္ဘာ့အပေါ်ယံရှိ အလွှာပါးဖြစ်သည်၊ မြေဆီလွှာသည်လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ကို ထောက်ပံ့ပေးနေသည့်သဘာဝသယံဇာတဖြစ်သည်။

မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ မြေဆီလွှာပျက်စီးခြင်းကြောင့် ဆုံးရှုံးမှုကြီးမားစွာဖြစ်ပေါ်နိုင်သည်။ မြေဆီလွှာပျက်စီးခြင်း၏လက္ခဏာများမှာ များပြားသည်။ ရုပ်ဂုဏ်သတ္တိများပျက်စီးခြင်း (ဥပမာ– မြေဆီလွှာအား ရေနှင့်လေတိုက်စားခြင်းကြောင့် မြေစိုင်မြေခဲများ ကြေမွပျက်စီးခြင်း၊ မြေသားဖွဲ့စည်းတည်ဆောက်မှုကိုပျက်စီးခြင်း)၊ ဓာတ်ဂုဏ်သတ္တိများပျက်စီးခြင်း (ဥပမာ–မြေသည် ဆိုးဆိုးရွားရွား မြေချဉ်ခြင်း၊ ငန်ခြင်း၊ အက်စစ်ဖြစ်ပေါ်ခြင်း၊ ဆားပေါက်ခြင်း၊ Micronutrient နှင့် Macronutrient စသည့် အာဟာရဓာတ်များချို့တဲ့ခြင်း)၊ ဇီဝဂုဏ်သတ္တိများပျက်စီးခြင်း(ဥပမာ– မြေဆီလွှာတွင်ပါဝင်သည့် အဏုဇီဝပိုးမွှားများ Micro– organism နှင့် Macro– organism များ လျော့နည်းသွားခြင်း) ဟူ၍လည်း ခွဲခြားနိုင်သည်။

မြေဆီလွှာ၊ ရေ၊ သယံဇာတနှင့်သစ်ပင်သစ်တောများသည် တစ်ခုနှင့် တစ်ခုဆက်နွှယ်နေသဖြင့် မြေ၊ ရေနှင့် သစ်ပင်သစ်တောများကို ဘက်စုံကဏ္ဍစုံနည်းလမ်းအမျိုးမျိုးဖြင့် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ကွန်တိုကန်သင်းတည်ဆောက်ခြင်း၊ နုန်းတားဆည်/ကန်သင်းတည်ဆောက်ခြင်း၊ ရေကျော်ကျောက်တန်းတည်ဆောက်ခြင်း၊ ရေစုကျင်း၊ ရေစုကန်များ တည်ဆောက်ခြင်း၊ စိုက်ကျင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းကဲ့သို့ ရုပ်ဝတ္ထုများအသုံးပြုထိန်းသိမ်းခြင်း (Physical Measures)၊ တောင်စောင်းများတွင် ကွန်တိုလိုင်းအတိုင်း သီးနှံပင်များ၊ မြက်များကို စိုက်ပျိုးခြင်း၊ မြေဆီလွှာဖုံးရန်အပင်ငယ်များ စိုက်ပျိုးခြင်း၊ လေကာပင်များစိုက်ပျိုးခြင်း စသည့်သက်ရှိများ အသုံးပြုထိန်းသိမ်းခြင်း (Biological Measures)နှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ မြေလှုပ်ထားခြင်း၊ နွေထယ်ရေးခံခြင်း၊ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းလမ်းကောင်းများကျင့်သုံးစိုက်ပျိုးခြင်း(Good Agriculture Practices) အစရှိသည့် စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း(Agronomic Measures) အဓိကအသုံးပြုဆောင်ရွက်နိုင်သည်။

အထူးသဖြင့် အပူပိုင်းဒေသများတွင် အပူချိန်လျှော့ချနိုင်ရန်နှင့် အရိပ်အာဝါသများရရှိစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို အထောက်အကူပြုစေရန်၊ မြေဆီလွှာအာဟာရဓာတ်များတိုးတက်ကောင်းမွန်စေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရန်၊ အပူပိုင်းမိုးခေါင်ရေရှားဒေသများတွင် မိုးရေအားစုဆောင်းရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် "ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification–UNCCD)" က အောက်ပါလုပ်ငန်းများဆောင်ရွက်ရန်တိုက်တွန်းထားသည်–

❖ သစ်တောများပြန်လည်တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

❖ ရေများကိုချွေတာသုံးစွဲခြင်း၊ သန့်စင်ပြီး ပြန်လည်သုံးစွဲခြင်း၊ မိုးရေကိုစနစ်တကျစုဆောင်းအသုံးပြုခြင်းများအပါအဝင် ရေသယံဇာတများထိန်းသိမ်းခြင်းနှင့် စနစ်တကျစီမံခန့်ခွဲခြင်း၊

❖ လေတိုက်စားမှု၊ ရေတိုက်စားမှုများ ကာကွယ်ရန်အတွက် မြေဆီလွှာအကာအကွယ်အဖြစ်ရှင်သန်နိုင်မည့် ဒေသမျိုးရင်းအပင်များ၊ ကြီးမြန်သစ်ပင်များ၊ အပူဒဏ်ခံနိုင်သော အပင်များစိုက်ပျိုးခြင်း၊

❖ လယ်၊ ယာအစပ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ အိမ်ခြံဝင်းအတွင်း Home Garden ကဲ့သို့ သစ်ပင်မျိုးစုံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ စိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများတည်ထောင်ခြင်း၊

❖ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် ကိုင်းချိုင်ခြင်းမှရရှိလာသော သစ်ရွက်၊ သစ်ကိုင်းများကို အပင်ခြေတွင်စုပုံပြီး မြေဆီလွှာအား အကာအကွယ်ပေးခြင်း။

မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ နည်းလမ်းများစွာရှိရာ သစ်ပင်သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းသည် အခြေခံအကျဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ ရိုးရှင်းလွယ်ကူဆုံး၊ လူတိုင်းလူတိုင်း နေရာဒေသမရွေး ဆောင်ရွက်နိုင်ဆုံးသော နည်းလမ်းတစ်ခုဖြစ်သည်။

**သစ်ပင်စိုက်ပျိုး၍ မြေယာပြုပြင်ထိန်းသိမ်းခြင်း**

အပူပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရေချိန်နည်းပါးကာ မြေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာနည်းပါးသဖြင့် အပင်များ သဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှသလို ရှင်သန်အောင်မြင်စေရန် စိုက်ပျိုးရန်လည်းခက်ခဲသည်။ အထူးသဖြင့် အပူပိုင်းဒေသ၏ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုမရှိသည့်အပင်မျိုးစိတ်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်ရန်အလွန်ခက်ခဲသည်။ သစ်ပင်စိုက်ပျိုးသည့် နေရာဒေသ၏ ရာသီဥတု၊ မိုးရေချိန်၊ မိုးရွာသွန်းမှုပုံစံ၊ မြေဆီလွှာအခြေအနေနှင့် စိုက်ပျိုးမည့်သစ်မျိုးတို့အပေါ်မူတည်ပြီး ကြံ့ခိုင်သန်စွမ်းသော ပျိုးပင်၊ မှန်ကန်သင့်လျော်သည့် စိုက်ပျိုးနည်းစနစ်၊ လုံလောက်သော သွင်းအားစု၊ စဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းမှုတို့ဖြင့် စိုက်ပျိုးဆောင်ရွက်ကြမှသာ အောင်မြင်နိုင်သည်။

အပူပိုင်းဒေသများရှိ မြေဆီဩဇာအာဟာရနည်းပါးနေသောမြေများ၊ ထုတ်လုပ်နိုင်မှုစွမ်းအားကျဆင်းနေသောမြေများ၊ မြေဆီလွှာအတန်းအစားကျဆင်းနေသောမြေများကို ပြန်လည်ကောင်းမွန်လာစေရေးအတွက် သစ်တောသစ်ပင်များ၊ နှစ်ရှည်စားပင်သီးပင်များကို မှန်ကန်စွာရွေးချယ်စိုက်ပျိုးမှသာ အပင်များရေရှည်ရှင်သန်အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ အပူပိုင်းဒေသတွင် ရှင်သန်အောင်မြင်နိုင်သည့် ဒေသမျိုးရင်းသစ်မျိုးများဖြစ်သော တမာ၊ ထနောင်း၊ မန်ကျည်း၊ မြန်မာကုက္ကို၊

**စာမျက်နှာ ၂၆ သို့ ➢**


PYIN OO LWIN
Nan Myaing
2+1 coffee
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


OUR SERVICES
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services
Foreign Banking Services
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MPU
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378

# နာပိုလီအသင်းက လီဗာပူးအသင်းတိုက်စစ်ကစားသမား ဒါဝင်နူနက်စ်ကို စတာလင်ပေါင် ၅၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်



လန်ဒန် ဇူလိုင် ၉

နာပိုလီအသင်းက လီဗာပူးအသင်းမှ အရောင်းစာရင်းတင်ထားသည့် တိုက်စစ်ကစားသမား ဒါဝင်နူနက်စ်ကို ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဒါဝင်နူနက်စ်သည် ၂၀၂၂ ခုနှစ်က ဘင်ဖီကာအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည့်အတွက် လီဗာပူးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် အရောင်းစာရင်းတင်ထားခြင်းဖြစ်သည်။

ဒါဝင်နူနက်စ်ကို အစောပိုင်းက ဆော်ဒီထိပ်တန်းကလပ်အသင်းများက ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း ဒါဝင်နူနက်စ်ကိုယ်တိုင်က ဥရောပ၌သာ ဆက်လက်ကစားလိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ဒါဝင်နူနက်စ်သည် ဘင်ဖီကာအသင်း၌ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့သော်လည်း လီဗာပူးအသင်း၌ ရုန်းကန်ခဲ့ရပြီး အပိုင်ဂိုးသွင်းခွင့်များလွဲချော်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရကာ နည်းပြအာနီဆလော့လက်အောက်တွင် ပွဲကစားခွင့်နည်းပါးနေသောကြောင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းနည်းပြ ကွန်တီကလည်း အသင်းကစားသမားစာရင်းအင်အားပိုင်းကို ပိုမိုတောင့်တင်းစေရန် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားဖြည့်တင်းမှုများ လုပ်ဆောင်နေသည့်အတွက် အသင်းတိုက်စစ်ပိုင်း ပိုမိုအင်အားတောင့်တင်းစေရန် ဒါဝင်နူနက်စ်ကို ခေါ်ယူလိုခြင်းဖြစ်သည်။

နာပိုလီအသင်းက ဒါဝင်နူနက်စ်ကို ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းအပြင် အပိုဆုကြေး ငါးသန်း စုစုပေါင်း ယူရို သန်း ၆၀ ဖြင့် ကမ်းလှမ်းထားခြင်းဖြစ်ပြီး အဆိုပါပြောင်းရွှေ့ကြေးမှာလည်း လီဗာပူးအသင်း စိတ်ကျေနပ်စေမည့် ပြောင်းရွှေ့ကြေးဖြစ်သည့်အတွက် အပြောင်းအရွှေ့ဖြစ်မြောက်ရန် နီးစပ်လျက်ရှိကာ ဒါဝင်နူနက်စ်၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရဖွယ်ရှိနေသည်။

ဒါဝင်နူနက်စ်သည် လီဗာပူးအသင်းနှင့်အတူ ဘောလုံးရာသီသုံးရာသီအတွင်း ပြိုင်ပွဲစုံ ၁၄၃ ပွဲအထိ ပါဝင်ကစားခဲ့သော်လည်း သွင်းဂိုး ၄၀ သာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref;Fabrizio Romano**

# နော်တင်ဟမ်အသင်းက အသင်းအားကစားဒါရိုက်တာအဖြစ် အီဒူးကိုခန့်အပ်

လန်ဒန် ဇူလိုင် ၉

နော်တင်ဟမ်အသင်းက အသင်းအားကစားဒါရိုက်တာအဖြစ် အာဆင်နယ်အသင်းအားကစားဒါရိုက်တာဟောင်းတစ်ဦးဖြစ်သည့် အီဒူးကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

အီဒူးသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက အာဆင်နယ်အသင်း၌ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကစားခဲ့ဖူးသူဖြစ်ပြီး ၂၀၁၉ ခုနှစ်က အာဆင်နယ်အသင်း အားကစားဒါရိုက်တာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထို့နောက် ၂၀၂၂ ခုနှစ်က အာဆင်နယ်အသင်း၏ နည်းစနစ်ဒါရိုက်တာအဖြစ်မှ အသင်းအားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလက အာဆင်နယ်အသင်းအားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းက အီဒူးကို အသင်းအားကစားဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့ပြီးနောက် ကစားသမားခေါ်ယူမှုဆိုင်ရာကိစ္စရပ်များ၊ နည်းဗျူဟာကိစ္စရပ်များနှင့် အသင်းအားကစားသမားများ၏စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တိုးတက်မှုကိစ္စရပ်များကို ဦးဆောင်လုပ်ဆောင်မည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။ **Ref;Goal.com**

# Amazon နှင့် မန်ယူအသင်းတို့ မှတ်တမ်းဗီဒီယိုရိုက်ကူးရန်ဆွေးနွေးမှုများ မအောင်မြင်ဘဲ ရပ်ဆိုင်းခဲ့ရ

မန်ချက်စတာ ဇူလိုင် ၉

Amazon နှင့် မန်ယူအသင်းတို့ကြား မှတ်တမ်းဗီဒီယိုရိုက်ကူးရန် လအတန်ကြာဆွေးနွေးမှုများလုပ်ဆောင်ခဲ့သော်လည်း မအောင်မြင်ဘဲ ဆွေးနွေးမှုများကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

Amazon နှင့် မန်ယူအသင်းတို့ကြား မှတ်တမ်းဗီဒီယိုကို စတာလင်ပေါင် ၁၀ သန်းဖြင့် ရိုက်ကူးရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သော်လည်း နည်းပြအမိုရင်က လက်ခံခြင်းမရှိသည့်အတွက် ဆွေးနွေးမှုများကို ရပ်ဆိုင်းခဲ့ရခြင်းဖြစ်သည်။

Amazon က မန်ယူအသင်းနှင့်ပတ်သက်သည့် မှတ်တမ်းများအဖြစ် မန်ယူအသင်း၏ကွင်းပြင်ပလှုပ်ရှားမှုများကို မှတ်တမ်းဗီဒီယိုအဖြစ်ရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးမှုများတွင် အသင်း၏အဝတ်အစားလဲခန်းမှ အဖြစ်အပျက်များအပါအဝင် အသေးစိတ်ကိုလျှို့ဝှက်ကင်မရာဖြင့် မှတ်တမ်းဗီဒီယိုအဖြစ်ရိုက်ကူးရန် လအတန်ကြာဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် ဆွေးနွေးမှုများအောင်မြင်မည်ဆိုပါက မန်ယူအသင်းအနေဖြင့် မှတ်တမ်းဗီဒီယိုရိုက်ကူးမှုတွင် စံချိန်တင်အဖြစ် စတာလင်ပေါင် ၁၀ သန်းရရှိမည်ဖြစ်သော်လည်း နည်းပြအမိုရင်က ကန့်ကွက်ခဲ့သည့်အတွက် ဆွေးနွေးမှုများကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

နည်းပြအမိုရင်က အသင်းအဝတ်လဲခန်းမှ အဖြစ်အပျက်များနှင့် အသင်း၏နည်းစနစ်ပိုင်းဆိုင်ရာအစီအစဉ်များကို မှတ်တမ်းဗီဒီယိုရိုက်ကူးထုတ်လွှင့်ပါက ပေါက်ကြားသွားမည်ဖြစ်သည့်အပြင် ကစားသမားများအတွက်လည်း အနှောင့်အယှက်များဖြစ်လာနိုင်သောကြောင့် ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref;The Athletic**



# ဘိုင်ယန်မြူးနစ်အသင်းက ဆာနေး၏နေရာ၌ အစားထိုးရန်အတွက် ချယ်လ်ဆီးအသင်းမှ အန်ကူကူကိုခေါ်ယူရန်ဆွေးနွေးမှုများလုပ်ဆောင်

ဘာလင် ဇူလိုင် ၉

ဘိုင်ယန်မြူးနစ်အသင်းက အသင်းမှထွက်ခွာခဲ့သည့် တိုက်စစ်ကစားသမား ဆာနေး၏နေရာ၌ အစားထိုးရန်ကစားသမားရှာဖွေမှုများလုပ်ဆောင်နေပြီး အစောပိုင်းက မန်ယူအသင်းမှ ရောင်းချမည့် ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် ကြိုးပမ်းနေသကဲ့သို့ ယခုအခါတွင်လည်း ချယ်လ်ဆီးအသင်းမှ ထွက်ခွာမည့် အန်ကူကူကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းက အန်ကူကူကို လိုက်ပဇစ်အသင်း၌ ကစားခဲ့စဉ်ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးပြီး ယခုအခါ ဒုတိယအကြိမ် ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

တိုက်စစ်ကစားသမားအန်ကူကူသည် လိုက်ပဇစ်အသင်း၌ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်က လိုက်ပဇစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဒဏ်ရာများနှင့်သာ ရုန်းကန်နေရကာ နည်းပြမာရက်စ်ကာလက်အောက်တွင်လည်း ပွဲကစားခွင့်နည်းပါးနေသည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသကဲ့သို့ ချယ်လ်ဆီးအသင်းကလည်း အသင်းမှထွက်ခွာရန် ခွင့်ပြုထားသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းက အသင်းတိုက်စစ်ပိုင်းတွင် ဝါရင့်ကစားသမား သောမက်မူလာအနေဖြင့် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့သကဲ့သို့ ဆာနေးသည်လည်း ဂါလာတာဆာရေးအသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အဓိကလူငယ်ကစားသမား မူစီအာလာသည်လည်း ပြင်းထန်သည့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်၍ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန်အတွက် အန်ကူကူကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref;Fabrizio Romano**

# ကချင်ပြည်နယ်၊ ဖားကန့်မြို့၌ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ အရပ်သားပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသောပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်လျက်ရှိသည်။




ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင်လ ၈ ရက်နေ့ ည ၉ နာရီ ၅၅ မိနစ်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ ၄ ကပ်ပျောတော ရပ်ကွက်သို့ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရုံးဝင်းအတွင်းရှိ သွပ်မိုး/ပျဉ်ကာ ၆ ခန်းတွဲ နေအိမ်လိုင်းခန်းပေါ်သို့ လက်နက်ကြီးဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် နေအိမ်လိုင်းခန်းအတွင်း နေထိုင်သူများဖြစ်ကြသည့် ဒေါ်မေရီဇင်အောင်(၃၄)နှစ်တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါရုံးမှယာဉ်မောင်းဖြစ်သူ ဦးသန်းထိုက်စိုး (၃၃)နှစ်၊ ဒေါ်အေးအေးခိုင်(၄၇)နှစ်နှင့် ဒေါ်နွဲ့ကြည်(၆၂)နှစ်တို့သုံးဦးတွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများအသီးသီးရရှိခဲ့၍ သေဆုံး/ဒဏ်ရာရရှိသူများအား ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းသိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာလှုပ်ရှားနေသည့်နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များထိခိုက်ဒဏ်ရာရရှိမှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

● **ရေကြီးခြင်းမှ**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်ပေ ဝက်ကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်ပေဝက်ခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင်ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည်မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ရွှေကျင်မြို့၊ မော်လိုက်မြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မုံရွာမြို့၊ ငါးသိုင်းချောင်းမြို့၊ ကလေးဝမြို့နှင့်မင်းကင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




➧ **ကျောဖုံးမှအဆက်**

ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်းနှင့် စောရန်နိုင်တို့အား ဇွန်လ ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့နယ်၊ ပင်လုံ-လဲချား သွားကားလမ်း၌ FORD RANGER မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ၃ ဦးအနက် ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်းသည် မူးယစ်အမှုများဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဇွန်လ ၂၉ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့်ဖော်ဖော်နောင်(ခ)ကိုနောင်တို့အား အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်ရှိနေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဘုန်းမြင့်ကျော်(ခ)ဦးတီပွားမှာလည်းမူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ ဖော်ထုတ်ချက်အရ သီပေါမြို့နယ်၊ ကုန်းသာကျေးရွာနေ အောင်ဖြိုးသူနှင့်မိုင်းရယ်မြို့နေ စိုင်းစောတို့က မူးယစ်ဆေးဝါးများကို လွှဲပြောင်းပေးခဲ့သူများဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။ (၁၀၀)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Naing(user886751789)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ခုန်တိုင်းကျေးရွာနေ အောင်နိုင်ဝင်းအား နံနက် ၁၀ နာရီခွဲတွင် ပဲခူးမြို့မ ရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# သံလွင်တံတား(တာဆန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မိုင်းပန် ဇူလိုင် ၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား (တာဆန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့အား သံလွင်တံတား(တာဆန်း)တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက တံတား၊ လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းပိုင်းအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် သတ်မှတ်အတိုင်းအတာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့်သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းတုံခရိုင် မိုင်းတုံမြို့သို့ သွားရောက်၍ မြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ စုဖွဲ့ထားရှိမှုအခြေအနေ၊ တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်းတံတားအမှတ် (၂/၂၃၆)ကို ပေ ၉၀ ဘေလီတံတား ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းတုံခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများအားလုံးသည် ပြည်သူများအားကိုးအားထားပြုရသည့်ဌာနများဖြစ်ရန် လိုအပ်ကြောင်း၊ မြို့မိမြို့ဖများနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသလိုအပ်ချက်များတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း**

# ဆင်သေဆည်ရေသောက်စနစ်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဆင်သေချောင်းလက်ဝဲနှင့် လက်ယာအတွင်းရှိ စိုက်ပျိုးမြေ ၃၈၄၄၄ ဧကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများကိုယ်တိုင် တက်ကြွစွာပါဝင်လာစေရေး ကွင်းဆင်းတွေ့ဆုံဆွေးနွေးသည်။

ဦးစွာဒုတိယဝန်ကြီးများသည် ဇေယျာသီရိမြို့နယ် ကျွန်းယောင်းကျေးရွာအုပ်စု ရွှေဗဟိုကျေးရွာမှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပြောင်းသီးနှံအခြေခံနှစ်သီးစားယာသီးနှံအဓိကထားစိုက်ပျိုးသည့် သီးနှံပုံစံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် သုံးသီးစားသီးနှံပုံစံစိုက်ပျိုးနိုင်ရေး အလားအလာနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်ရေး၊ သီးနှံပုံစံချိန်ညှိစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေရရှိနိုင်မှုနှင့် ဖြည့်ဆည်းပေးနိုင်မည့် အလားအလာများ၊ အခြားသောလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အတူ ဒုတိယဝန်ကြီးများသည်ဇေယျာသီရိမြို့နယ် သာစည်အုပ်စု အောင်သာကျေးရွာတောင်သူများနှင့်တွေ့ဆုံ၍ ပြောင်း-ပဲကြီး၊ ပြောင်း-မြေပဲ ၊ ပြောင်း-နှမ်းသီးနှံ၊ ကြံသီးနှံ စသော ဒေသခံတောင်သူများ အဓိကစိုက်ပျိုးလျက်ရှိသည့် သီးနှံပုံစံများ၊ သီးနှံအလိုက် မျိုးစေ့သုံးစွဲမှုအခြေအနေနှင့် သီးနှံအထွက်နှုန်းရရှိမှု၊ သီးနှံအလိုက် အထွက်နှုန်း တိုးတက်ရရှိရေးအတွက် ပြောင်းလဲသင့်သည့် သီးနှံပုံစံနှင့် ဖြေရှင်းပေးရမည့် အခက်အခဲများ၊ မြေယာအသုံးပြုခွင့် လုပ်ကိုင်ခွင့်ဆိုင်ရာများ၊ စက်မှုလယ်ယာစနစ်ကျင့်သုံးနိုင်မှု အခွင့်အလမ်းများကိုဆွေးနွေးခဲ့ကြပြီး လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်အုပ်စု ဆင်တဲကြီးကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံအလိုက်ပန်းတိုင်အထွက်ရရှိရေး၊ တစ်ကေချင်း၏ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ ဒေသခံတောင်သူများအတွက် တောင်သူပညာပေးစင်တာထူထောင်ပေးနိုင်ရေး၊ ပဲပုပ်သီးနှံစိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်သွားမည့် အစီအစဉ်များ ၊ သီးနှံများ၌ ခတ်ကြွင်းအာနိသင် လျှော့ချနိုင်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


နေပြည်တော် ဇူလိုင် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၇ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၂၁၂၈၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၃၇) လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၄၅၉၅၂၇) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ CHINA Southern Airlines လေယာဉ်ခရီးစဉ်အမှတ် CZ – 3055/ SF – 6342 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၈၀၀၀၀) ကိုလည်းကောင်း၊ လေဆိပ် (ကုန်လှောင်ရုံ) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၆၃၈၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၁၂၆၇၁၈၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးနှင့် လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၅)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၂၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၆၆၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Wagon (၄)စီး၊ Nissan Wingroad Station Wagon(၁)စီး၊ Mazda Familia Station Wagon(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၆၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၈ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် (သုညဒသမ ၃၂၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၅၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဇူလိုင်လ ၈ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၆)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၅)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၇၇၇၆၇၇၇)**ကို ဖမ်းဆီးရမိခဲ့ပြီး ထိုကဲ့သို့တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**မြဝတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အလုပ်သမားဝန်ကြီးဌာန
# လူမှုဖူလုံရေးအဖွဲ့
# လျှောက်လွှာခေါ်ယူခြင်း
# ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များရှိ အလုပ်သမားဆေးရုံကြီး/မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်(M.B.,B.S)(စာချုပ်)ပုံသေလစာနှုန်း တစ်လလျှင် ကျပ်-၂၇၅,၀၀၀/-နှုန်းဖြင့် ရာထူး(၅၀)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး**

| | | |
|---|---|---|
| ၁။ | အလုပ်သမားဆေးရုံကြီး(ရန်ကုန်) | (၁၁)နေရာ |
| ၂။ | အလုပ်သမားဆေးရုံကြီး(ထန်းတပင်) | (၁၂)နေရာ |
| ၃။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(အုတ်ကျင်း) | (၁)နေရာ |
| ၄။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ကမာရွတ်) | (၁)နေရာ |

(ခ) **မန္တလေးတိုင်းဒေသကြီး**

| | | |
|---|---|---|
| ၁။ | အလုပ်သမားဆေးရုံကြီး(မန္တလေး) | (၁၁)နေရာ |

(ဂ) **မကွေးတိုင်းဒေသကြီး**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(မင်းဘူး) | (၁)နေရာ |
| ၂။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ရေနံချောင်း) | (၁)နေရာ |
| ၃။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ချောက်) | (၁)နေရာ |

(ဃ) **ဧရာဝတီတိုင်းဒေသကြီး**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(မြန်အောင်) | (၁)နေရာ |
| ၂။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဘိုကလေး) | (၁)နေရာ |
| ၃။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဝါးခယ်မ) | (၁)နေရာ |
| ၄။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဟင်္သာတ) | (၁)နေရာ |

(င) **ပဲခူးတိုင်းဒေသကြီး**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဖြူး) | (၁)နေရာ |

(စ) **စစ်ကိုင်းတိုင်းဒေသကြီး**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(စစ်ကိုင်း) | (၁)နေရာ |
| ၂။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ကလေး) | (၁)နေရာ |

(ဆ) **ကရင်ပြည်နယ်**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဘားအံ) | (၁)နေရာ |

(ဇ) **ရှမ်းပြည်နယ်**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(တောင်ကြီး) | (၁)နေရာ |

(ဈ) **ကယားပြည်နယ်**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(လွိုင်ကော်) | (၁)နေရာ |

(ည) **ကချင်ပြည်နယ်**

| | | |
|---|---|---|
| ၁။ | မြို့နယ်လူမှုဖူလုံရေးဆေးခန်း(မြစ်ကြီးနား) | (၁)နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံထားရသည့် သက်တမ်းရှိဆေးကုသခွင့်လိုင်စင်ရရှိသူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများလျှောက်ထားခွင့်မရှိပါ။

(င) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံလေးပုံ (၁၁/၂ x ၁၃/၄)၊ ဆေးကုသခွင့်လိုင်စင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းတို့မှ ထောက်ခံချက်မူရင်းတင်ပြရမည်။

၃။ လျှောက်လွှာများကို အောက်ပါနေရာများတွင် အခမဲ့ရယူနိုင်ပါသည်။

(က) အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ ဆေးဌာန၊ နေပြည်တော်

(ခ) အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) အလုပ်သမားဆေးရုံကြီး(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး

(ဃ) အလုပ်သမားဆေးရုံ(ထန်းတပင်)၊ ရန်ကုန်တိုင်းဒေသကြီး

(င) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ

၄။ လျှောက်လွှာများကို လျှောက်လွှာရယူခဲ့သောနေရာ(သို့မဟုတ်)သင့်လျော်သည့် တိုင်း/ပြည်နယ်ရုံးများနှင့် အလုပ်သမားဆေးရုံကြီးများမှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်သည်။

၅။ စုံစမ်းမေးမြန်းလိုပါက အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်(ဆေးဌာန)၊ နေပြည်တော်ဖုန်းနံပါတ်(၀၉-၂၅၄၅၂၆၆၆၄/၀၉-၅၀၄၆၁၈၄/၀၉-၄၅၀၁၀၉၃၃၄၁)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မန္တလေးလျှင်ကြီးကြောင့် ပျက်စီးသွားသော စက်မှုဇုန်(၁)ဓာတ်အားခွဲရုံရှိ ဓာတ်အားခွဲရုံပစ္စည်း(၃)မျိုး 11/0.4 kV, Transformer (75)Nos ဝယ်ယူခြင်း တင်ဒါ(၂)ခုတို့အား မြန်မာကျပ်ငွေ (Kyat)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | ၁၁-၇-၂၀၂၅ ရက် |
| တင်ဒါပိတ်မည့် ရက်နှင့်အချိန် | - | ၂၄-၇-၂၀၂၅ ရက်၊ (၁၄:၀၀)နာရီ |
| တင်ဒါပုံစံရောင်းချ တင်သွင်းရမည့်နေရာ | - | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၂၇ လမ်း၊ ၇၇ x ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂၄၀၇၃၈၀၁၊ ၀၂-၄၀၆၉၁၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း
မောင်ဝဏ္ဏထွန်း(ဘ)ဦးရွှေကြီး ၃/ဘအန(နိုင်)၂၂၅၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၆၀၆၃၅၅

### အမည်မှန်
ဘားအံမြို့၊ အ.ထ.က(၃)၊ Grade-4မှ (ဘ)ဦးသန်းဇော်ထွန်း ၃/ကကရ(နိုင်)၀၁၃၉၉၁ ၏သား မောင်ဝေဖြိုးအောင်၏အမည်မှန်မှာ မောင်ဝေပြည့်ဖြိုးဖြစ်ပါကြောင်း။
မောင်ဝေပြည့်ဖြိုး

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ ဘားကပ်စံပြကျေးရွာ၊ အမှတ်(၁၉၈)နေ ဒေါ်ငွေကြည် ၃/ဘအန(နိုင်)၁၁၄၆၂၀ ၏ဖခင် ဦးတင်ငွေ(ခ)ဦးစောတင်ငွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးတင်ငွေ(ခ)ဦးစောတင်ငွေ

### ဖခင်အမည်မှန်
ဘားအံမြို့၊ အ.ထ.က(၃)၊ Grade-12 မှ နန်းချောစုကလျာ ၃/ဘအန(နိုင်)၅၅၄၇၆၆ ၏ဖခင်အမည်မှန်မှာ ဦးဟိန်းဇော် ၇/ဖမန(နိုင်)၁၈၂၆၆၅ ဖြစ်ပါကြောင်း။
ဦးဟိန်းဇော်

### ပျောက်ဆုံးကြောင်း
အိရွှေစင်(ဘ)ဦးကျော်ဝင်း ၉/မကန(နိုင်)၀၃၈၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 804816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မောင်အောင်ကျော်မြင့်(ဘ)ဦးအောင်တိုး ၉/မတရ(နိုင်)၁၉၂၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 888738)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မနန္ဒာဆွေ(ဘ)ဦးတင်ဝင်း ၇/တငန(နိုင်)၁၄၈၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

### ပျောက်ဆုံးကြောင်း
မောင်ကျော်ကျော်(ဘ)ဦးအေးထွန်း ၂/ဥကမ(နိုင်)၂၀၆၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 548384)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

### ပျောက်ဆုံးကြောင်း
မောင်မျိုးချစ်(ဘ)ဦးလှမောင် ၁၂/ဥကမ(နိုင်)၂၀၇၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

### ပျောက်ဆုံးကြောင်း
ဆုလွင်ဒွေး(ဘ)ဦးမင်းလွင် ၁၂/လမန(နိုင်)၁၅၅၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 573898)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၁၅၁၁၉၃

**စာပေမြင့်မှ လူမျိုးတင့်မည်**

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းမောင်တင်ယု၊ ကာတွန်းကြယ်ကြယ်၊ ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)နှင့် ကာတွန်းပြဇာသတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ နတ်မောက်ကြည်မြိုင်၊ ကန့်ဘလူခင်မောင်ဆွေ၊ နိုဦးဇော်၊ ဈာန်လေး(ပညာရေး)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၈-၇-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၂၅)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆



❖ မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ"(We are Myanmar) ဟူသောစိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရပါမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ စင်တီမီတာခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ စာမျက်နှာ ၂၉ ကော်လံ ၁ ●

## မြန်မာလူငယ်လက်ရွေးစင်များ အာရှလူငယ်သက်တန်းကြက်တောင်ပြိုင်ပွဲတွင် အသင်းလိုက် ရွေးသုံးခုရရှိထား

စာ - ၂၄ သို့

## နိုင်ငံတကာသတင်းအညွှန်း

စာ - ၂၃ သို့

### သီရိလင်္ကာနိုင်ငံရှိ အလယ်တန်းကျောင်းများအားလုံး ၂၀၂၆ ခုနှစ်တွင် အင်တာနက်အသုံးပြုခွင့်ရရှိမည်

### ဂူဂျာရတ်ပြည်နယ်၌ တံတားတစ်စင်းကျိုးကျ အနည်းဆုံးလူကိုးဦးသေဆုံး

### တက္ကဆက်ပြည်နယ် ရေကြီးမှု သေဆုံးသူ ၁၁၀ ဦးအထိရှိလာ



# ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၄၈ ကီလိုကျော် ဖမ်းဆီးရမိ



တရားခံ သန်းအောင်စိုး(ခ)မျောက်ကြီး၊ ပိုင်ခန့်၊ နန်းသီရိအောင်၊ ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်း၊ စောရန်နိုင်၊ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့် ဇော်ဇော်နောင်(ခ) ကိုနောင်တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၂ ရက်နေ့ ညနေ ၃ နာရီတွင် ကျောက်ဆည်နှင့် မိတ္ထီလာခရိုင်ချင်းဆက်လမ်း၊ တောင်တော်ကျေးရွာအနီး၌ သတင်းအရစောင့်ဆိုင်းနေစဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မန္တလေးသို့ သန်းအောင်စိုး(ခ)မျောက်ကြီး မောင်းနှင်ပြီး ပိုင်ခန့်လိုက်ပါလာသည့် NISSAN DIESEL ၆ ဘီး မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၁၄၈ ဒသမ ၇၉၇ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများအား မိုင်းရယ်မြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နန်းသီရိအောင်၊ စာမျက်နှာ ၂၉ ကော်လံ ၃ ➧

